mgyoe.com
SAMPLE BOOK



ထင်လင်း

# စိတ္တံနုကမ္ပတိ


လုပ်ကိုင်းဖတ်နိုင်သည့် ဘာသာရေးအမြင်ဆောင်းပါးများ


2022.GRAPHIC DESIGN : KYAWMINN MOUNG
ဒုတိယအကြိမ်


mgyoe.com

mgyoe.com SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက် - ၀၉၅၁၄၅၇၂၈၊ ၀၉၇၉၃၇၉၀၉၅၈






mgyoe.com

mgyoe.com SAMPLE BOOK


- တန်ဖိုး

  ၄၀၀၀ ကျပ်

- အုပ်ရေ

  ၅၀၀ အုပ်

- အကြိမ်

  ဒုတိယအကြိမ်

- ထုတ်ဝေသည့်အချိန်

  ၂၀၂၃ ခုနှစ် ဇန်နဝါရီလ

- မျက်နှာဖုံး

  ကျော်မင်းမောင်

- ထုတ်ဝေသူ

  ဦးသိမ်းမင်း (၀၄၂၉၁)

  ပန်းရွှေပြည်စာအုပ်တိုက်

  ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊

  တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

- ပုံနှိပ်သူ

  ဦးဇေယျာဦး (၀၁၅၇၉)

  Silver Sky Press

  အမှတ် ၂၆၊ ၉၇ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊

  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

- စာအုပ်ချုပ်

  မင်းဇော်


mgyoe.com

mgyoe.com SAMPLE BOOK



ထင်လင်း

# စိတ္တံ နုကမ္ပတိ

## ဘာသာရေးဆောင်းပါးများ

(မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း၌ ရေးခဲ့သည်များ ဖြစ်ပါသည်။)

စာအုပ်အကြောင်း
- ပထမအကြိမ်
  ၂၀၀၀ ပြည့်နှစ်၊ မြတ်ဆုမွန်စာပေတိုက်။
- ဒုတိယအကြိမ်
  ၂၀၂၃ ခုနှစ် ဇန်နဝါရီလ၊ ပန်းရွှေပြည်စာအုပ်တိုက်။

mgyoe.com

mgyoe.com
SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| * | မိတ်ဆက်အမှာ | ၅ |
| ၁- | စိတ္တံ နကမ္ဗတိ | ၁၀ |
| ၂- | ဘုရားရှိခိုးခြင်းအကြောင်း | ၁၉ |
| ၃- | ယုံကြည်မှု ကိုးကွယ်မှုနှင့် မာန | ၂၄ |
| ၄- | ကျွန်တော့်အိမ်ကဘုရားစင် ဘာကြောင့် ဆွမ်း, ပန်း, ရေချမ်း တင်သနည်း။ | ၃၁ |
| ၅- | ကျွန်တော်နှင့် ၅ ပါးသီလ | ၃၉ |
| ၆- | ကျွန်တော် ဘာကြောင့် ပရိတ်ရွတ်သနည်း | ၅၁ |
| ၇- | မေတ္တာပို့လိုသော် | ၅၆ |
| ၈- | သစ္စာစကားဆိုလိုသော် | ၆၃ |
| ၉- | ကျွန်တော်နှင့် အန္တရာယ်ကင်းဂါထာ | ၇၀ |
| ၁၀- | ကိုယ်,စိတ်-၂ ဖြာ ချမ်းသာကြပါစေ | ၈၁ |
| ၁၁- | ကျွန်တော်နှင့် ဝိပဿနာဘာဝနာ | ၈၈ |
| ၁၂- | ကျွန်တော်နှင့် သမ္ဗုဒ္ဓေမန္တန်အင်း | ၁၀၂ |
| ၁၃- | ကျွန်တော်နှင့် ဓမ္မပဒ | ၁၁၃ |
| ၁၄- | ဓမ္မဂီရိသို့တစ်ခေါက် | ၁၂၁ |
| ၁၅- | ဓမ္မဂီရိတရားပတ် | ၁၂၈ |
| ၁၆- | ဓမ္မဂီရိ နိုင်ငံတကာ ဝိပဿနာနှီးနှောဖလှယ်ပွဲ | ၁၃၇ |
| ၁၇- | ဗုဒ္ဓသာသနာ ကမ္ဘာသို့ပြန့်အောင် | ၁၄၄ |
| ၁၈- | ဝိပဿနာဘာဝနာ၏ အာနိသင် | ၁၅၂ |


mgyoe.com

# မိတ်ဆက်

လွန်ခဲ့သော ၁၅ နှစ် (၁၉၈၅ ခု) ဆရာဦးသိန်းမောင် (ဆရာထင်လင်း)သည် သူ၏မိတ်ဆွေ ဦးချစ်လှိုင် (ရွှေဘို)ထံက သတင်းထောက် ဂျွန် ဝေါလ်တားစ် (John Walters) ၏ 'Mind Unshaken' အမည်ရှိ စာအုပ်ကို ရရှိခဲ့ပြီး လက်ကမချ ဖတ်ရှုနေခဲ့ပါသည်။ ထိုစဉ်အတွင်း ဆရာထင်လင်းနှင့် တွေ့ဆုံရာ၊ ဆရာက ဖတ်လက်စ ဂျွန်ဝေါလ်တားစ်၏ စာအုပ်ကို ပြပြီးလျှင်၊ "သိပ်ကောင်းတဲ့စာအုပ်ပဲဗျာ။ ဒီစာအုပ်ကို ရေးတဲ့လူက နာမည်ကြီးသတင်းထောက်၊ စာပေဗဟုသုတရော ဒေသန္တရဗဟုသုတပါ အတော်စုံ အတော်နှံ့စပ်တဲ့လူ။ ထိုင်း, သီရိလင်္ကာ စတဲ့ ဗုဒ္ဓဘာသာဝင်နိုင်ငံတွေကိုလည်း ရောက်ဖူးခဲ့တယ်။ ဗုဒ္ဓဘာသာနိုင်ငံတွေကို ရောက်တဲ့အခါမှာ ဗုဒ္ဓဘာသာအကြောင်းကို ဆွေးနွေးတယ်။ သူ ဗုဒ္ဓဘာသာအကြောင်းတွေကို မေးတယ်။ ဗုဒ္ဓဘာသာအကြောင်းရေးထားတဲ့ စာအုပ်စာတမ်းတွေကို ရှာပြီး ဖတ်ရှုတယ်။ ဗုဒ္ဓဘာသာအကြောင်းကို အတော်အသင့် လေ့လာသိရှိပြီးတဲ့အခါ၊ လူပြောသူပြောနဲ့ မယုံတတ်ဘဲ သူ့အကျင့်အတိုင်း သူတည်းခိုတဲ့ဟိုတယ်မှာ တစ်ညလုံးမအိပ်ဘဲ 'ဗုဒ္ဓဘာသာကို အရှေ့နိုင်ငံတွေက ဘာကြောင့်ယုံကြည်ကိုးကွယ်ရသလဲ' ဆိုတာကို စဉ်းစားနေသတဲ့။ အဲသလို စဉ်းစားတဲ့အခါ ထိုင်းမိတ်ဆွေတစ် ယောက်ပြောတဲ့ 'ကျွန်တော်တို့ဗုဒ္ဓဘာသာမှာ တကယ်လွတ်မြောက်ချင်လျှင် မိမိဘာသာကြိုးစားမှ ရနိုင်မယ်။ ဗုဒ္ဓ


mgyoe.com

မြတ်စွာသည်ပင်လျှင် လမ်းညွှန်ရုံမျှသာပဲ။' ဆိုတဲ့စကားကို အမှတ်ရလာသတဲ့။ အဲဒီစကားကို စဉ်းစားဆင်ခြင်ကြည့်လေလေ နှစ်ခြိုက်သဘောကျလေလေ ဖြစ်လာပြီး ဗုဒ္ဓဘာသာကို သူ့ရဲ့ ဘိုးဘွားအစဉ်က ကိုးကွယ်ခဲ့တဲ့ မိရိုးဖလာဘာသာအယူနဲ့ နှိုင်းယှဉ်ကြည့်မိပြန်သတဲ့။ အဲဒီအခါမှာ ဗုဒ္ဓဘာသာဟာ ဘာကိုမဆို အလျှော့ပေး အရှုံးပေးတဲ့ ပျော့ညံ့တဲ့ဘာသာ မဟုတ်မှန်းကို သိမြင်သွားတယ်။ ဒ့ါအပြင် ကိုးကွယ်မှုဘာသာတစ်ခုဟာ မိမိရဲ့ဘဝတစ်လျှောက်လုံးမှာ အရေးကြီးတဲ့ကိစ္စကြုံတိုင်း ဘာသာတရားရဲ့ အဆုံးအမက လမ်းညွှန်ပြသနိုင်ရမယ်။ အဲဒါမှလည်း ဒီဘာသာကို ကိုးကွယ်ဆည်းကပ် အားထားယုံကြည်ထိုက်မယ် ဆိုတာကိုပါ တစဉ်တတန်း နက်နက်နဲနဲစဉ်းစားမိသွားပြီး၊ နံနက်လင်းတဲ့အခါမှာ ဂျွန်ဝေါလ်တားစ်က သူ့မိတ်ဆွေများကို 'သူဟာ ယနေ့မှစ၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းဝင်ရောက်သွားပြီ။' လို့ ကြေညာလိုက်သတဲ့။ ဘယ်လောက်ကောင်းလိုက်သလဲဗျာ။ ဒါဟာ 'ဖဟိ ပဿိက' ဆိုတဲ့ တရားတော်အစွမ်းပေ့ါ။ အဲဒီအကြောင်း ဆောင်းပါးတစ်ပုဒ်ရေးပြီး ပေးမယ်ဗျာ။" ဟူ၍ အားပါးတရပြောခဲ့ပါသည်။

ထို့နောက်- ရက်များ မကြာမီမှာပင် ဆရာ့ထံမှ စာမူတစ်ပုဒ် ပို့လာပါသည်။ ထိုစာမူ၏ခေါင်းစဉ်မှာ 'စိတ္တံ နကမ္ပတိ' ဟူသတည်း။ ဂျွန် ဝေါလ်တားစ်၏ Mind Unshaken အမည်ကို ပါဠိလို ရေးလိုက်ခြင်းပင်။

'စိတ္တံ နကမ္ပတိ' ဟူသောပါဠိသည် ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်သော မင်္ဂလသုတ်လာ

'ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။'-ဟူသော ပါဠိဂါထာက ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

အဓိပ္ပာယ်မှာ- 'လောကဓမ္မေဟိ၊ လောကဓံတရားတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ကြုံရသော။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်လှုပ်။'-ဟု ဖြစ်သည်။

'လောကဓံတရားနှင့် တွေ့ပါလျက် မတုန်လှုပ်သောစိတ်ကား ရဟန္တာ၏စိတ်သာ။ အခြားသူ၏စိတ် မဟုတ်။' ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထားသည့်အတိုင်း၊ ရဟန္တာအရှင်မြတ်တို့၌ ဣဋ္ဌာရုံ,အနိဋ္ဌာရုံတို့နှင့် ကြုံတွေ့သောအခါ ဣဋ္ဌကို အနိဋ္ဌ၊ အနိဋ္ဌကို ဣဋ္ဌအဖြစ် လိုသလို ပြောင်းလဲကာ ရှုမြင်နိုင်လောက်အောင် စိတ်ကို နိုင်နင်းအစိုးရသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကြသည်။မတုန်လှုပ်သောစိတ်သည် 'ရဟန္တာအရှင်မြတ်တို့၏စိတ်' ဟု ဖွင့်ပြခြင်းသည် ဥက္ကဋ္ဌနိဒ္ဒေသနည်းအရဖြစ်ပြီး၊ ရဟန္တာမှတစ်ပါး အခြား အရိယာ, သတိပညာရှိသော ပုထုဇဉ်များ၌လည်း ထိုစိတ်သည် ထိုက်သင့်သလောက် ရနိုင်သေးကြောင်းကို အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် ပဌမ ပဏ္ဏာသ လောကဓမ္မသုတ်၌ ပြဆိုထား၏။

ထို 'စိတ္တံ နကမ္ပတိ' ဆောင်းပါးကို ရေးပြီးသည့်နောက်တွင် ဆက်လက်၍ရေးသော ဆောင်းပါးများအရ ဆရာသည် မိမိ၏သန္တာန်၌ မတုန်လှုပ်သောစိတ်ကို တည်ဆောက်နေကြောင်းကို သိခွင့်ရလေသည်။

'ကျွန်တော်နှင့် ဝိပဿနာ' ဆောင်းပါးတွင် မိမိမှတစ်ပါး အားကိုးရာမရှိပုံကို ရေးသားထားလေသည်။

'ကျွန်တော်နှင့် အန္တရာယ်ကင်းဂါထာများ' ဆောင်းပါး၌ ယုံကြည်မှုသဒ္ဓါတရားအကြောင်း ပေါ်လွင်အောင် ရေးဖွဲ့ထား၏။

'ကျွန်တော်နှင့် ၅ ပါးသီလ' ဆောင်းပါး၌ ကုသိုလ်ကောင်းမှုပြုရာတွင် ပါရမီမြောက်အောင် ပြုကြဖို့၊ သစ္စာဆိုနိုင်လောက်အောင် ပြုကြရန် ရေးသားထားပေ၏။


mgyoe.com

'ကျွန်တော် ဘာကြောင့် ဆွမ်း,ပန်း,ရေချမ်း တင်သနည်း။' ဆောင်းပါး၌ 'မာနတရားကို လက်တွေ့ထိန်းသိမ်းပုံအကြောင်း' ကို ရေးသားထား၏။

အခြားသော ဆောင်းပါးများတွင်လည်း ရိုးသားသောအတွေး လွယ်ကူသောအရေးဖြင့် ရေးသားထားသည်များမှာ ဖတ်ချင့်စဖွယ် ဖြစ်ပါသည်။

ဆရာထင်လင်း၏ ပါဠိပါဠိသားမပါ ပကတိရိုးသားလွယ်ကူသော စာရေးနည်းသည် ရှေးလယ်တီဆရာတော်ကြီးတို့၏ ရေးနည်းဝါဒပင် ဖြစ်၏။ လယ်တီဆရာတော်ကြီး၏ဝါဒမှာ 'ပါဠိသံ, ကျမ်းသံနှင့် ပြောနေလျှင် စကားကြီး ခန့်၏။ ပြောနေကျ မြန်မာစကားမျိုး မဟုတ်၍ အသိဉာဏ် တန်းခုနဲ စိုက်ခနဲ မသွား။ ယောင်ဝါးကြီးနေကြ၏။' ဟု ဖြစ်၏။

၁၉၁၃ ခုရေး လယ်တီပဏ္ဍိတဦးမောင်ကြီး၏ 'မောင်သော်က' ဝတ္ထုနိဒါန်းမှာ ဘာသာရေးစာပေ၌ ပါဠိပါဠိသား များလှသောကြောင့် 'လောကုတ္တရာ ဘာသာရေးနှင့် သက်ဆိုင်သော စာအုပ်များကိုမူကား အခါလေးမြင့် ကြာရှည်စွာဖတ်ရှုရန် ပျင်းရိတတ်ကြကုန်၏။' ဟု ရေးသားထားခဲ့၏။

၁၉၁၁ ခုနှစ်တွင် ဆရာကြီး ဦးဖေမောင်တင်သည် မြန်မာနိုင်ငံ သုတေသနဂျာနယ်၌ အနောက်နိုင်ငံသားများ မြန်မာဘာသာနှင့် သာသနာပြုစာပေကို ရေးကြရာတွင် မြန်မာစကားကို နေရာတကျမသုံးနိုင်ခဲ့ပုံကို Missionary Burmese ဆောင်းပါးဖြင့် ဝေဖန်ခဲ့ဖူးလေသည်။

သို့ပါ၍ မြန်မာအမျိုးသားအတွက် မြန်မာစကားကို ပြေပြစ်ချောမော နေရာတကျရှိစေပြီး ပါဠိအဋ္ဌကထာ ကျမ်းဂန်စာပေ အယူအဆ


mgyoe.com

mgyoe.com
SAMPLE BOOK

မှန်ကန်စွာဖြင့် ရေးနိုင်စွမ်းသော ဘာသာရေးစာပေများ တိုးပွားလာမှသာ မြန်မာလူမျိုးတို့အဖို့ ဓမ္မရသ- တရားအရသာကို ထိရောက်မြိန်ယှက်စွာ သုံးဆောင်ခံစားနိုင်ကြမည် ဖြစ်လေသည်။

စာရှုသူတို့လက်ဝယ်၌ ရောက်ရှိနေသော ဆရာထင်လင်း၏ 'စိတ္တံ နကမ္ပတိ' ဆောင်းပါးများသည် လယ်တီဆရာတော်ကြီး, ဆရာကြီး ဦးဖေမောင်တင်တို့၏ သာသနာပြုစာရေးနည်းအတိုင်း ကျနသေချာ ရေးသားတင်ပြနိုင်စွမ်းရှိသော စာပေများ ဖြစ်ပါသဖြင့် စာရှုသူတို့ ဓမ္မရသ-တရားအရသာ၊ ဓမ္မသဘာဝ- တရားသဘောကို ရယူခံစားနိုင်ကြပေလိမ့်မည်။

ဆရာဦးသိန်းမောင် (ဆရာထင်လင်း)သည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန (Department of English & Modern European Language) နှင့် ဆရာကြီးဦးခင်မောင်လတ်ကျောင်းတို့တွင် အင်္ဂလိပ်စာပေပို့ချခဲ့ခြင်း၊ ဘာသာပြန်ဝတ္ထုများစွာကို ရေးသားခဲ့ခြင်းတို့ကြောင့် အနောက်တိုင်းစာပေ-အထူးအားဖြင့် အင်္ဂလိပ်စာပေနှင့် နှံ့စပ်ကျွမ်းကျင်သော စာပေပညာရှင်တစ်ဦး ဖြစ်ပါသည်။ စာပေလောက၌ 'ထင်လင်း' ကလောင်အမည်ဖြင့် ဘာသာပြန်စာရေးဆရာအဖြစ် ထင်ရှားခဲ့ပါသည်။ ကျွန်တော်သည် ဆရာ့ကို 'ဆရာထင်လင်း-ဘာသာပြန်စာရေးဆရာ' အဖြစ် သိကျွမ်းခဲ့ရခြင်းမဟုတ်ဘဲ ဗုဒ္ဓအဘိဓမ္မာစာပေ၌ ကျွမ်းကျင်သူ ဆရာဦးသိန်းမောင်အဖြစ် သိခွင့်ရခဲ့ပါသည်။ ရန်ကုန်မြို့ ပြည်လမ်း မူလပဋ္ဌာန်းဆရာတော်ကြီး ဦးနာရဒထံ၌ ဆရာက သင်္ဂြိုဟ်, ပဋ္ဌာန်း (ဆဝါရဝိဘင်္ဂ) ကို တက်ခဲ့ပြီး၊ ကျွန်တော်က မူလနှင့် ခန္ဓယမိုက်ကို တက်ခဲ့ဖူးပါသည်။

ဦးအောင်မွန် (မြတ်ဆုမွန်)

mgyoe.com

mgyoe.com
SAMPLE BOOK

# ၁

# စိတ္တံ့ နကမ္ပတိ

ဗုဒ္ဓဘာသာကို 'ကိုးကွယ်မှုဘာသာအယူတစ်ခု' ဟူ၍ သာမန်ကန့်သတ်ထားခြင်းမှာ 'အနည်းငယ် မှားယွင်းသည်'ဟု ထင်မိပါသည်။ ဗုဒ္ဓဘာသာသည် 'ဗုဒ္ဓဝါဒ' သို့မဟုတ်၊ 'ဗုဒ္ဓကျင့်စဉ်' ဟူ၍ ခေါ်ဆိုနိုင်ပါသည်။ သို့ရာတွင် ဤကျင့်စဉ်တွင် ကယ်တင်ရှင်မရှိဘဲ မိမိဘာသာမိမိ၏လွတ်မြောက်ရေးကို ကြိုးပမ်းရခြင်းဖြစ်၍ ဗုဒ္ဓဝါဒ၌ သက်ဝင်ယုံကြည်ပါသည်ဆိုရုံ၊ ဘုရားကို တန်ခိုးရှင်အဖြစ် ရှိခိုးတတ်ရုံဖြင့် ဗုဒ္ဓဘာသာဝင်အစစ် မဖြစ်နိုင်သည်ကို ဘုရားလက်ထက်က သာဓကများစွာ ရှိသည်။

ဂေါတမဗုဒ္ဓရှင်တော်ဘုရားသည် အလုံးစုံသိသော သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ မိမိကိုယ်တိုင် ထိုးထွင်း၍သိသောဉာဏ်ဖြင့် ရောက်တော်မူသောအချိန်က မဇ္ဈိမဒေသတွင် အယူဝါဒဂိုဏ်းကွဲ များစွာရှိခဲ့သည်။ သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစည်းစိမ် (လောကီစည်းစိမ်) အားလုံးကို စွန့်လွှတ်၍ ဂိုဏ်းဂဏများစွာတွင် 'ဆရာ' ရှာခဲ့သည်။ မတွေ့မှ မိမိဘာသာ တစ်ကိုယ်တည်း မလျှော့သော ဇွဲလုံ့လဖြင့်ရှာမှီး၍ တွေ့ရှိသောတရားအစစ်တရားအမှန်သည် စစ်ချင်သလိုစစ်၊ ဆေးချင်သလိုဆေး၊ မေးချင်သလိုမေး၊ တွေးတောကြံဆပြီး 'ဤသို့ ဖြစ်လောက်စရာ ရှိနိုင်သည်'၊ 'ဤသို့ယူသော် ရကောင်းသည်'၊ 'ဤသို့ဖြစ်နိုင်သည်။'


mgyoe.com

mgyoe.com SAMPLE BOOK

ဟူသော မရေမရာကိစ္စ မဟုတ်။ မည်သည့်အရာမဆို အကြောင်းတရား -အကျိုးတရားဆက်စပ်မှု ရှိသည်။ အကြောင်းမရှိဘဲ အကျိုးမဖြစ်။ အကျိုးကိုလိုသော် အကြောင်းကိုပြု၊ အကျိုးကိုမလိုသော် အကြောင်းကို ဖျက်။ ဤသို့ သဘာဝယုတ္တိဒ္ဓ အခြေခံသောတရား ဖြစ်လေရာ၊ ဗုဒ္ဓ ဟောကြားသောတရားတို့တွင် ဘာတစ်ခုမျှ မျက်စိမှိတ်ပြီး လက်ခံစရာ မလို၊ ကိုယ်တိုင် သဘာဝယုတ္တိကိုရှာ၍၊ 'ဤအရာကား အစစ်အမှန် တည်း' ဟု မယုံမချင်း လက်ခံဖို့မလိုသော တရားတို့ပေတည်း။

ကိုးကွယ်မှုဘာသာအယူများနှင့် ပတ်သက်၍ 'မိရိုးဖလာ' ဟူသောစကား ရှိသည်။ မွေးကတည်းက အမိ, အဖတို့၏ ကိုးကွယ်မှု အတိုင်း ကိုးကွယ်လာသော 'ဘာသာ' ကို 'မိရိုးဖလာဘာသာ' ဟု အမှတ်ပြုကြသည်။ မိရိုးဖလာဒ္ဓကား စဉ်းစားဉာဏ် မပါသလောက်ပင် ဖြစ်သည်။

မိဘသွန်သင်မှု ထိရောက်လျှင် ထိရောက်သလို၊ ဘာသာတရား ကိုင်းရှိုင်းမှု အတိမ်အနက် ဖြစ်လာသည်။ မိဘကိုယ်တိုင်က ဘာသာ တရားအလေးအနက်ထားမှု များစွာမရှိခဲ့လျှင်၊ သားသမီးတို့၏ မိရိုးဖလာ ကိုးကွယ်မှုသည် ပေါ့ပေါ့ဆဆဖြစ်လာရုံမက ထင်မိထင်ရာ အထင်ကြီး လာတတ်သည်။

မိရိုးဖလာတို့သည် ဗုဒ္ဓဘာသာတွင်သာ မဟုတ်။ ခရစ်ယာန် ဘာသာ, အစ္စလာမ်ဘာသာတို့တွင်လည်း ရှိသည်သာ ဖြစ်သည်။ ထိုကဲ့ သော ကိုးကွယ်မှုတို့တွင် မိဘအသွန်အသင်နည်းခြင်းသည် အကြောင်း တစ်ခုဖြစ်သည်ဟု ဆိုနိုင်စေကာမူ၊ ထိုအကြောင်း တစ်ခုတည်း ရှိသည် တော့ မဟုတ်ပေ။ ကိုယ်တိုင်က ကြည့်တတ် မြင်တတ် စဉ်းစားတတ်သူ ဖြစ်လျှင်၊ 'မိရိုးဖလာ' တို့သည် မိရိုးဖလာကိုးကွယ်မှုဒ္ဓ ဖြစ်စေ၊ မိဘ ထက်လွန်မြတ်သော အသိဉာဏ်အမြင်ဉာဏ်များ ပွင့်လင်းတတ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မိရိုးဖလာနှင့် နှိုင်းယှဉ်လေ့လာသောအခါ အကြောင်းယုတ္တိ လုံလောက်ရာကိုယူကြသော သာကေလည်း များစွာရှိသည်။ သိပ္ပံပညာ ထွန်းကားလာသဖြင့် ကျိုးကြောင်းယုတ္တိရှာရာတွင် သိပ္ပံနည်း (စနစ်ရှိသောနည်း)ကို နှစ်သက်လာကြသော ယခုခေတ်တွင် မိရိုးဖလာကိုးကွယ်မှုကို စွန့်ခွာကာ အကြောင်းယုတ္တိခိုင်လုံရာကို မိမိတို့အသိအမြင်ဖြင့် ရှာဖွေကူးပြောင်းကြခြင်း များပြားလာသည်။

ဒုတိယကမ္ဘာစစ်အတွင်းက အပြစ်ကင်းစင်သော ကလေးသူငယ်များ အသေဆိုးသေကြရသည်ကိုမြင်ပြီး၊ မိမိကိုယ်တိုင် သင်ပြဟောပြောလာခဲ့သောဘာသာတရား၌ ကိုးကွယ်နေမှုကို စွန့်လွှတ်လိုက်သည့် အင်္ဂလိပ်ဘုန်းကြီးတစ်ပါး၏အဖြစ်မှာ စိတ်ဝင်စားစရာကောင်းသည်။ ထိုကဲ့သို့ မိမိ၏ မိရိုးဖလာအယူကို စွန့်လွှတ်ကာ အခြားအယူဘာသာသို့ ပြောင်းခဲ့ကြသူများသည် သူတို့တွင် ခိုင်လုံသောအကြောင်းရှိ၍ ပြောင်းခဲ့ပါသည် ဆိုသည့်အကြောင်းကို စာအုပ်များ ရေးသားထုတ်ဝေလေ့ရှိကြရာ၊ ထိုစာအုပ်များကို ဖတ်ရှုရသောသူတို့သည် ထိုသူတို့၏လမ်းစဉ်ကို သဘောကျနှစ်ခြိုက်ကာ အယူဝါဒနှင့်ပတ်သက်၍ သဘာဝယုတ္တိကို ရှာတတ်လာကြသည်။

မိမိဘာသာ သဘာဝယုတ္တိကိုရှာ၍ ဘာသာအယူပြောင်းခဲ့ကြသူအများအပြားရှိရာတွင်၊ ဂျွန် ဝေါလ်တားစ် (John Walters) ဆိုသူ၏အတွေ့အကြုံသည် မှတ်သားဖွယ်ကောင်းသည်။ သူ တင်ပြထားပုံ၊ သူ့အကြောင်း သူပြောပြထားပုံမှာ ရိုးသားရှင်းလင်းသည်။ သူ၏ကျိုးကြောင်းဆင်ခြင်ပုံမှာ သဘာဝကျသည်။

သူ၏ 'စိတ္တံ နကမ္ပတိ' (Mind Unshaken, A Modern Approach To Buddhism) စာအုပ်၏ နိဒါန်းတွင် 'ဤစာအုပ်သည် လက်တွေ့ကျကျ လုပ်ဆောင်တတ်သော သာမန်လူများအတွက် ဖြစ်ပါ


mgyoe.com

mgyoe.com SAMPLE BOOK

သည်။ နက်နဲသော တရားအတွေ့များရှိသည့် သမထဝိပဿနာယောဂီများအတွက် မဟုတ်ပါ။ ဗုဒ္ဓဘာသာ၏ ဒဿနကို အလွန်သိနားလည်နိုင်ခဲသော ပါဠိ, သင်္သကရိုက်စာလုံးများဖြင့် အဆန်းတကြယ် ဖွင့်ဆိုချက်များမပါဘဲ တတ်နိုင်သမျှ အရှင်းလင်းဆုံးစကားများဖြင့် ပြဆိုထားပါသည်။ ဗုဒ္ဓ၏တရားတို့သည် စင်စစ် သိနိုင်ခက်သော ဘာသာအယူဝါဒတစ်မျိုးလည်း မဟုတ်ပါ။

'မရေမတွက်နိုင်အောင် များပြားလှသော လူသာမန်များကို မေတ္တာကရုဏာတို့ဖြင့် မီးရှူးတန်ဆောင်သဖွယ်ဖြစ်သော တရားက မွေးလာသည်မှ သေသည်တိုင်အောင် (ပုခက်တွင်းမှ သင်္ချိုင်းတိုင်အောင်) ဦးဆောင်လမ်းပြသွားသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် သီရိလင်္ကာနိုင်ငံ, မြန်မာပြည်, ထိုင်းနှင့် ကမ်ပူချားပြည်ရှိ လူပေါင်း သန်းပေါင်းများစွာ၏ ကိုးကွယ်ရာအဖြစ် တည်ရှိနေပေသေးသည်။'- စသည်ဖြင့် ရေးသားဖော်ပြထားပြီး၊

'ကျွန်ုပ်သည် နက်နဲသောတရားများကို အားထုတ်သူ ယောဂီလည်း မဟုတ်၊ ကိုးကွယ်မှုဆိုင်ရာ သုတေသီပညာရှင်လည်း မဟုတ်ပါ။ နှစ်,လ ရှည်မြင့်စွာ စိတ်ပါဝင်စားဖွယ်အတွေ့အကြုံများကို အခြေခံပြုလျက် ဗုဒ္ဓဝါဒကို ကျွန်ုပ် တွေ့ရဖူးသမျှတွင် အကြီးကျယ်ဆုံးအကြောင်းဖြစ်သည်ဟု သဘောထားသူသာ ဖြစ်ပါသည်။' ဟု ဖွင့်ဟဝန်ခံထားသည်။

ယခုအခါ လောင်းဒေးကားပုံနှိပ်တိုက်၏ ညွှန်ကြားရေးမှူး ဝွန် ဝေါလ်တားစ်သည် အင်္ဂလန်ပြည် တတ်ဆက်နယ် ဟေးစတိန်းမြို့၌ ထင်ရှားသော အင်္ဂလိကန်ဂိုဏ်းဝင် ဘုန်းတော်ကြီးတစ်ဦး၏သား ဖြစ်သည်။ ၁၅ နှစ်သားတွင် ကျောင်းကထွက်ပြီး သင်္ဘောဖြင့် ပင်လယ်သို့


mgyoe.com

mgyoe.com SAMPLE BOOK

ထွက်လိုက်သွားသည်။ မကြာမီ အင်္ဂလန်သို့ပြန်လာပြီး ကျောင်းဆက်နေသည်။ ဘာသာရေးဆိုင်ရာစာပေများကို လေ့လာသည်။ သို့ရာတွင် မကြာမီ ထိုလေ့လာမှုကို စွန့်ပစ်၍ သတင်းစာဆရာ ဝင်လုပ်သည်။

ဗြိတိသျှ အမျိုးသားထိပ်သီးသတင်းစာကြီးတစ်စောင်တွင် အကြီးတန်းသတင်းထောက်တစ်ယောက်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ညီလာခံများစွာသို့ တက်ရောက်သတင်းယူခဲ့သည်။ ကိုရီးယားစစ်တွင်လည်း အတွေ့အကြုံများခဲ့သည်။ ဤအလုပ်ဖြင့်ပင် အရှေ့ဖျားနိုင်ငံများသို့ ခရီးလှည့်လည်သွားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ကွန်မြူနစ်တရုတ်ပြည်သို့ သွားရောက်ခဲ့သည်။

သူသည် ကမ္ဘာ့အယူဝါဒအမျိုးမျိုးကို စေ့စပ်သေချာစွာ နှိုင်းယှဉ်လေ့လာခဲ့သူ ဖြစ်သည်။ ခရီး အများဆုံးသွားခဲ့သော ဗြိတိန်နိုင်ငံသား သတင်းထောက်တစ်ဦးဖြစ်၍၊ သူ့စကားအတိုင်း ပြောရလျှင် 'ဘော်နီယို ကျွန်း၏တောထဲက တန်းလျားရှည်အိမ်ကြီးများမှသည် အမေရိကန်ပြည်ထောင်စု လော့စ်အန်းဂျလိစ်မြို့ရှိ ဘာသာအမျိုးမျိုး ပြန်လည်ထွန်းကားရေး သာသနာပြုအဖွဲ့အထိ အယူဝါဒများနှင့် ၄င်းတို့၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့သည်။ သူ၏ 'အပြည့်ဝဆုံးနှင့် လက်တွေ့အကျဆုံး ဘာသာအယူဝါဒ ရှာပုံတော်' သည် ဗုဒ္ဓဝါဒဘဝလမ်းညွှန်ကို တွေ့ရှိ လက်ခံကျင့်သုံးသည့်အချိန်တွင် ခရီးပန်းတိုင်သို့ ရောက်လေတော့၏။

သူသည် ၁၉၅၇ ခုနှစ်တွင် သတင်းစာဆရာကြီးတစ်ယောက် အနေဖြင့်ပင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွားရောက်ခဲ့ရသည်။ ထိုအချိန်တွင် အတွေ့အကြုံ အကြားအမြင် များခဲ့ပြီဖြစ်သောကြောင့် သူ့အဖို့ 'စိတ်လှုပ်ရှားစရာအာရုံ' ဟူ၍ သိပ်မရှိတော့။ တည်ငြိမ်ရင့်ကျက်ခဲ့ပြီ ဖြစ်သည်။ သို့သော်- ထိုတစ်ခေါက် ဘန်ကောက်သို့ ရောက်ခဲ့စဉ်က ဘန်ကောက်က ဗုဒ္ဓဘာသာဝင်မိတ်ဆွေများနှင့် တွေ့ဆုံသွားလာရင်း


mgyoe.com

mgyoe.com SAMPLE BOOK

ပင် သူ့ဘဝတစ်ခုလုံး အကြီးအကျယ် ပြောင်းလဲသွားလောက်အောင် ထူးခြားသောအသိအမြင်များကို ရခဲ့သည်ဟု ဆိုသည်။ ထိုကဲ့သို့သော အသိအမြင်များ ရခဲ့ပုံကို သူ၏ 'စိတ္တံ့ နကမ္ဘတိ' စာအုပ်တွင် စိတ်ဝင်စားဖွယ်ရာ ဖော်ပြထားသည်။ စာရှည်အံ့စိုး၍ အချို့ကိုသာ ကောက်နုတ်ဖော်ပြလိုက်ရသည်။

'ကျွန်ုပ်၏စိတ်ကို လှုပ်ရှားစေမည့်အရာတို့သည် နည်းပါးခဲ့ပြီ ဖြစ်သည်။ ထိုသို့ရှိရာမှ ၁၉၅၇ ခုနှစ်က ဘန်ကောက်မြို့တွင် ကျွန်ုပ်သည် ဗုဒ္ဓဝါဒဒဿနကို 'အလွန်ကြီးကျယ်ခမ်းနားသော ဘဝလမ်းညွှန်ပေတကား' ဟု အသိကြီး သိခဲ့ရပါတော့သည်။ ကျွန်ုပ်သည် မြန်မာပြည် ကမ္ဘဋ္ဌာန်းရိပ်သာတစ်ခုတွင် နေထိုင်ခဲ့စဉ်က ထိုအကြောင်းကို အတွေ့အကြုံတစ်ခုအနေဖြင့် ဆောင်းပါးတစ်စောင်သာ ရေးခဲ့သည်။ ကျွန်ုပ်၏ ဗုဒ္ဓဘာသာအပေါ် သဘောထားမှာ အာရှတိုက်သို့ ခရီးထွက်ဖူးသော များစွာသော အနောက်တိုင်းသားတို့၏ သဘောထားအတိုင်းပင် ဖြစ်ပါသည်။

'အဝါဝတ်သောဘုန်းကြီးများကို လူအများ ဝိုင်းဝန်းရှိခိုး ပူဇော်နေကြပုံကို မြင်ရလျှင်၊ 'ကလေးကလားအလုပ်'- ဟု ထင်ခဲ့သည်။ အနောက်တိုင်းဒဿနကို အလေးအနက်ထားသလိုပင်၊ အရှေ့တိုင်းဒဿနကို 'ခေတ်မမီတော့သော ရှေးအယူရှေးမူဖြစ်၍ ဘာမှအဓိပ္ပာယ်မရှိတော့သောအရာ' ဟုသာ ထင်မှတ်ခဲ့ပြီး၊ လေ့လာထားသမျှ ဗုဒ္ဓဘာသာအကြောင်းကို ခေါင်းထဲတွင် အရေးကြီးသောနေရာမှာ မထားခဲ့။ (အလေးပေး မစဉ်းစားခဲ့။)

mgyoe.com

mgyoe.com
SAMPLE BOOK

'ကျွန်ုပ်၏မိတ်ဆွေ ရေတပ်သားဟောင်းတစ်ဦးကမူ 'ဒီ ထိုင်းကချာတိတ်တွေဟာ မိန်းမလျာလေးတွေလိုပဲကွ။ ဝါဝါ အဝတ်တွေကို ချွတ်ပစ်ပြီး စစ်ဝတ်စုံဝတ်ပေးချင်တယ်။ ကွန်မြူနစ်တွေ မလှုပ်နိုင်အောင်ဆိုရင် မိန်းမလျာတွေနဲ့ မဖြစ်ဘူး။ စစ်သားတွေ လိုတယ်။' ဟု ပြောခဲ့သည်။ သူပြောသည်မှာ အနောက်တိုင်းသားတို့၏ အမြင်တွင် သဘာဝကျပါသည်။

'အသိသစ် အမြင်သစ်များဖြင့် ဤမျှ တိုးတက်လျက်ရှိသော အဏုမြူစွမ်းအားခေတ်တွင် ဤမျှ နူးညံ့သိမ်မွေ့သော ကိုရင်ကလေးများသည် လောကကို မည်ကဲ့သို့ ကျေးဇူးပြုနိုင်မည်နည်း။ ရဲရင့်ပြတ်သားသော အနောက်တိုင်း အတွေးအခေါ်များအရဆိုလျှင်၊ 'ဤခေတ်ကြီးအတွင်း တိုင်းပြည်တစ်ပြည် အနေဖြင့် ရပ်တည်နေနိုင်ဖို့အရေးတွင် သူတော်ကောင်းဝါဒသည် အဘယ်သို့လျှင် အရာရောက်နိုင်ပါမည်နည်း။'-ဟု ကျွန်ုပ်လည်း တွေးခဲ့မိပါသည်။

ပျွန် ဝေါလ်တားစ်သည် သူ၏ ဗုဒ္ဓဘာသာဝင်မိတ်ဆွေ ထိုင်းနိုင်ငံသား ၂ဦးနှင့်အတူ ဘန်ကောက်မှနေ၍ အနောက်ဘက် ၆၄ ကီလိုမီတာဝေးသော နခုမ်ပထုမ်သို့ ပူအိုက်လှသော နွေရာသီနေ့တစ်နေ့တွင် သွားရောက်ခဲ့သည်။ ချိန်းဆိုထားပြီးဖြစ်၍ မိတ်ဆွေများကို အားနာသော ကြောင့်သာ လိုက်ခဲ့ရသည်။ သူ စိတ်မပါလှ။ သူနှင့်အတူ မင်းသမီးဟိုတယ်၌ တည်းခိုနေသူ ဩစတြေးလျတိုက်သား သတင်းစာဆရာ ဒဲနစ်စ်ဝါနာကို အဖော်စပ်ရာ၊ ဒဲနစ်ဝါနာက 'မလိုက်လို' ဟုဆို၍ သူ တစ်ယောက်တည်း လိုက်သွားရသည်။ လမ်းခရီးမှာ ဖုန်ထူလှသည်။

သူသည် သူ လေ့လာထားသမျှမှ ဗုဒ္ဓဟောခဲ့သော သစ္စာ ၄ ပါးတရားအကြောင်း သူ၏မိတ်ဆွေများနှင့် ဆွေးနွေးသွားသည်။ ခပ်ပေါ့


mgyoe.com

mgyoe.com SAMPLE BOOK

ပေါ့ပင် ဖြစ်သည်။ သူ၏ထိုင်းမိတ်ဆွေက 'တဏှာသည် ဆင်းရဲခြင်း၏ အကြောင်း ဖြစ်သည်။ တဏှာကိုပယ်မှ ချမ်းသာခြင်း, ငြိမ်းချမ်းခြင်းကို ရမည်။' ဆိုသည့်စကားကို သူက ဟားတိုက်၍ ရယ်ခဲ့သည် ဆို၏။

ထိုအခါ သူ၏မိတ်ဆွေက 'မင်း တစ်နေ့ ရပ်ပြီး စဉ်းစားမိလာမှာပါ။ သစ္စာတရားက မင်းကို လွှမ်းမိုးပါလိမ့်မယ်။' ဟု ပြောခဲ့သည်။ ထိုအချိန်အထိ သူသည် မကြာမီပင် ထိုစကားအတိုင်း တကယ်ဖြစ်လာမည်ကို သတိမပြုမိသေး။

သူ့မိတ်ဆွေက ဆက်ပြောသည့်စကားတွင် 'ဗုဒ္ဓက ဒုက္ခသစ္စာကို ဟောခဲ့တယ်။ ဒါပေမယ့် အကြောင်းသိသူများအဖို့ ဗုဒ္ဓဟာ ဒုက္ခနဲ့ ကင်းဝေးသူ ဖြစ်တယ်။ ဗုဒ္ဓဟောတဲ့ တရားတွေဟာ အစ, အလယ်, အဆုံး-၃ ပါးစလုံး ကောင်းတယ်။'

ထိုမိတ်ဆွေပြောသော 'ဓမ္မပဒမှာ ကိုယ့်ဟာကိုယ်ရယ်လို့ ဘယ်ဟာမှာမှ မစွဲလမ်းသူဟာ နတ်တို့ရဲ့ ချမ်းသာမျိုးနဲ့တူတဲ့ ချမ်းသာကို ခံစားရတယ်။' ဟူသော စကားစုကို သူ မှတ်မိနေသည်။ သူ၏နားထဲတွင် စွဲကျန်ရစ်နေခဲ့သည်။

ဂျွန် ဝေါလ်တားစ်က ထိုအချိန်မှစ၍ သူ့ခေါင်းထဲတွင် စွဲနေသောအတွေးကို ပြောပြရာတွင် 'သာမန်အားဖြင့်ကတော့ အဲဒီညနေက ကိစ္စဟာ ဘာမှမထူးခြားပါဘူး။ ခရီးသွားနေတဲ့လူများဟာ ဒီလိုပဲ သမိုင်းဝင် ထင်ရှားတဲ့နေရာတစ်ခုကို သွားကြည့်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်က ရှိခဲ့တယ်လို့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ တရားတွေကို သက်ဝင်ယုံကြည်တဲ့ ဒေသခံမိတ်ဆွေ ၂ ယောက်နဲ့ စကားပြောခဲ့တယ်။ ဒါပါပဲ။ ဒါပေမယ့် ကျွန်တော်ဟာ အဲဒီညက ထူးထူးခြားခြား တစ်ခုခုကို စဉ်းစားတွေးတောနေမိပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အာရှတိုက်မှာ လူပေါင်း သိန်း၊သန်း၊ကုဋေတို့ဟာ တစ်နည်းမဟုတ်တစ်နည်း ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြတယ်။ ဒါကို ကျွန်တော်သိပေမယ့် 'ဘာကြောင့်လဲ' ဆိုတဲ့ မေးခွန်းကို တစ်ခါမှ မမေးခဲ့မိပါဘူး။ အဖြေကိုလည်း ရှာမကြည့်ခဲ့မိဘူး။ ဘာသာအယူဝါဒများကို နှိုင်းယှဉ်လေ့လာခဲ့တယ် ဆိုပေမယ့်လို့ ကျွန်တော် အခုလို အနီးကပ် တွေ့မြင်နေရတဲ့ ဗုဒ္ဓရဲ့တရားဆိုတာကို ကျွန်တော်ကိုယ်တိုင် နေ့စဉ် တွေ့ကြုံနေရတဲ့ လူ့လောကရဲ့ ဒုက္ခ၊သုခတွေမှာ လက်တွေ့ ဘယ်လိုသုံးလို့ရမယ် ဆိုတာကိုလည်း တစ်ခါမှ မတွေးခဲ့မိပါဘူး။ အခုတစ်ခေါက် နခုမ်ပထုမ်က အပြန်မှာတော့ ကျွန်တော့်အသိစိတ်ကို လှုံ့ဆော်ပေးနေတဲ့ မသိစိတ်မှာ တစ်ခုခု လှုပ်ရှားလာခဲ့ပါတယ်။ ကျွန်တော်ဟာ ဘယ်လိုဖြစ်တယ် ဆိုတာကို ရှင်းမပြတတ်ခဲ့ပေမယ့် ဗုဒ္ဓဝါဒနဲ့လမ်းစဉ်ရဲ့ ကြီးကျယ်ခမ်းနားပုံကို အလေးအနက် တွေးတောနေမိပါတယ်။

'တချို့ ဥရောပတိုက်သားတွေ ဗုဒ္ဓဘာသာ ဖြစ်သွားကြတဲ့ အကြောင်းကို ကျွန်တော် သိပါတယ်။ 'ဒီလူတွေဟာ လမ်းလွဲရှာကြတာပဲ' လို့ သဘောထားခဲ့ပါတယ်။ အဲဒီညကတော့ ကျွန်တော်ကိုယ်တိုင် ကိုယ့်ဘာသာကိုစွန့်လွှတ်ပြီး ဗုဒ္ဓရဲ့တရားတွေကို မကျင့်သုံးမိအောင် အကြောက်အကန်ငြင်းဆန်နေခဲ့မိပါတယ်။ တစ်ညလုံး ကျွန်တော် အိပ်လို့မရပါဘူး။

'မနက်လင်းအားကြီးအချိန်မှာတော့ ကျွန်တော်ဟာ ကျွန်တော်နဲ့ ဘယ်နေရာမှာမှမတူတဲ့ အရှေ့တိုင်းသားတို့ရဲ့ အယူဝါဒကို လက်ခံဖို့ အတွက် ကျွန်တော့်မိဘဘိုးဘွားအစဉ်အဆက် လက်ခံကိုးကွယ်လာခဲ့တဲ့ အယူဝါဒကို စွန့်လွှတ်လိုက်ပါတော့တယ်။' ဟု ဂျွန် ဝေါလ်တားစ်က စိတ်ဝင်စားဖွယ်ရာ ရေးသားထုတ်ဖော်ထားပေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK 

# ၂
# ဘုရားရှိခိုးခြင်းအကြောင်း

ကျွန်တော့်အား 'ဘုရားရှိခိုးသလား' ဟု မေးသူအတော်များများ တွေ့ရဖူးသည်။ ထိုသို့ မေးသူတို့တွင် ကျွန်တော့်လိုလူတစ်ယောက်သည် ဘုရားရှိခိုးလိမ့်မည်မထင်၍ မေးသူရှိသလိုပင်၊ ကျွန်တော့်အား ဘုရားရှိခိုးစေချင်၍ မေးသူများလည်း ရှိပါသည်။

ကျွန်တော် ဘုရားရှိခိုးပါသည်။ အချို့မိတ်ဆွေများ၏ အမြင်တွင် ကျွန်တော်သည် ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ ဘုရားကို ကြည်ညို တတ်သော်လည်း ဘုရားရှေ့တွင် ထိုင်ကန်တော့ကာ နှုတ်မှလည်း ရတနာ ၃ ပါး၏ ဂုဏ်ကျေးဇူးကို တတွတ်တွတ်ရွတ်ဆိုကာ 'ဘုရားရှိခိုး'သူမျိုး မဟုတ်ဟု ထင်ခဲ့ပုံ ရ၏။ ကျွန်တော့်အား ဤသို့ထင်မြင်ကာ ကျွန်တော့် လိုလူတစ်ယောက်က ဘုရားရှိခိုးသည်ဆိုခြင်းကို မယုံကြည်၍၊ 'ခင်ဗျား ဘုရားရှိခိုးသလား' ဟု မေးခြင်း ဖြစ်ပါသည်။

တချို့ကလည်း ကျွန်တော့်အား 'ဘုရားရှိခိုးတတ်သော လူမျိုး မဟုတ်' ဟုထင်ကာ၊ ဘုရားရှိခိုးသောအလေ့အကျင့် ပြုစေလို၍ ထိုသို့ မေးခြင်း ဖြစ်သည်။

ခေတ်ပညာတတ်လူတန်းစားသည် ယေဘုယျအားဖြင့် ဘုရား ရှိမခိုးတတ်၊ ပရိတ် မရွတ်တတ်၊ ဗုဒ္ဓမန္တန်များကို အားမကိုးတတ်။ ထိုသို့ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဗုဒ္ဓမန္တန်တို့၏အာနိသင်၌


mgyoe.com

mgyoe.com SAMPLE BOOK

မယုံကြည်တတ် 'ခင်ဗျား ဒါတွေ တတွတ်တွတ်ရွတ်နေတော့ ဘာဖြစ်မှာလဲ' ဟု လှောင်ပြောင်ကဲ့ရဲ့လိုသည့်သဘောဖြင့် မေးခြင်းလည်း ဖြစ်နိုင်သည်။ အချို့ကမူ 'ဒါတွေဟာ အလကားပါဗျာ။ ကျုပ်တို့ရွာက ဘုရားဒကာကြီးတစ်ယောက်ဟာ ညညကျ ဘုရားကို အော်ကြီးဟစ်ကျယ်ရှိခိုး၊ ပရိတ်တွေ အသံနေအသံထားနဲ့ ရွတ်၊ ကြေးစည်ထု၊ အမျှတွေဝေ။ မနက်လည်း အစောကြီးထ၊ ဒီအတိုင်းပဲ။ သူ့အလုပ်က ရွှေပေါင်ခံငွေတိုးပေး အမြတ်ကြီးစားပြီး မယားလည်း ၄-၅-၆ ယောက်ယူ။ ယူလိုက်မှဖြင့် သမီးအရွယ်, မြေးအရွယ်ကလေးတွေ။' ဟု ဘုရားရှိခိုးခြင်းအဓိပ္ပာယ်ကင်းမဲ့ပုံကို သာဓကထုတ်ကြသည်။

ကျွန်တော်သည် ထိုသို့ဆိုလာသူများအား တစ်စုံတစ်ရာ ရှင်းလင်းငြင်းခုံခြင်း မပြုခဲ့ပါ။ သူတို့ပြောသလို ဆိုလျှင်တော့ ဘုရားရှိခိုးခြင်းသည် မိမိပြုနေသောမကောင်းမှုများကို ဖုံးကွယ်ရုံမျှသာဖြစ်ပြီး၊ သူ၏လုပ်ရပ်သည် 'ကြောင်သူတော်လုပ်ရပ် ဖြစ်သည်' ဟု စွပ်စွဲချင်စရာဖြစ်ပါသည်။ 'ပါးစပ်က ဘုရားဘုရား၊ လုပ်တာက မဟားဒယား' ဟုဆိုစရာ ဖြစ်နိုင်ပါသည်။ သို့သော်- သူ၏ ဘုရားရှိခိုးခြင်းနှင့် လောကီအာရုံကာမဂုဏ်တို့၌ လိုက်စားပျော်မွေ့ခြင်းတို့ကို သီးခြားစီ ကြည့်တတ်မည်ဆိုပါက၊ သူ ဘုရားရှိခိုးခြင်းကိုပင် 'တော်ပေစွ၊ ကောင်းပေစွ' ဟု ချီးမွမ်းရမည် ထင်ပါသည်။ သူ ဘုရားရှိခိုးသည်ကို အဘယ့်ကြောင့် 'တော်ပေစွ၊ ကောင်းပေစွ' ဟု ချီးမွမ်းရမည်နည်းဟု စောဒကတက်လိုကတက်ပါ။

ဤသို့ လောကီအာရုံကာမဂုဏ်တို့၌ လိုက်စားပျော်ပါး၍ နေသူတို့သည် အများအားဖြင့် မေ့မေ့လျော့လျော့ရှိတတ်သည်။ ကာမဂုဏ်တို့၏အပြစ်ကို မမြင်နိုင်ဘဲ ရှိနေတတ်သည်။ 'ဘယ်မြင်မှာလဲဗျာ၊ ရှိမှမရှိတာ။' ဟုလည်း ဆိုသူကဆိုသည်။ လောကုတ္တရာတရားများကို


mgyoe.com

လိုက်စားကာ အတော်အတန် သိနားလည်ထားသူများကပင်လျှင် 'လောကီဆိုတာက သိပ်ကောင်းတာနော်။ တော်ရုံတန်ရုံသတ္တိနဲ့ လွတ်အောင်ရုန်းနိုင်တာ မဟုတ်ဘူး။' ဟု ဆိုကြသည်ကို ကြားဖူးရသည်။

'မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဆိုတာ ဘုရားရှိခိုးဆုတောင်းရုံ၊ ပရိတ်ရွတ်ရုံနဲ့ ရတာမဟုတ်ဘူး။ တကယ် တရားသဘောကိုမြင်ပြီး ကျင့်ကြံမှရတာ။ ဘုရားကိုယ်တိုင်က 'ငါ့ကိုရှိခိုးခြင်း (ကြည်ညိုခြင်း) အမှုကိုပြုနေတာထက် ငါဟောတဲ့တရားကို နှလုံးသွင်းကျင့်ကြံခြင်းက ပိုပြီးအကျိုးရှိတယ်' လို့ ဟောခဲ့တာ။'-ဟု ဆိုသူက ဆိုသည်။

ထိုစကားနှင့်ဆက်၍ ဘုရားရှိခိုးခြင်းကို 'အပိုအလုပ်'၊ ဘုရားတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် 'ဘုန်းကြီးများ၏အလုပ်' ဟူ၍ ဆိုကြသည်။ ထိုသို့ဆိုကြသူများသည် ဘုရားရှိခိုးသူ၊ ဘုရားဟောဒေသနာ၊ ပရိတ် စသည်တို့ကို ရွတ်ဆိုနေကြသူများအား 'ဟုတ်နိုးကောင်းနိုးလုပ်နေကြသူများ'-ဟူ၍ စွပ်စွဲလိုကြဟန် တူပါသည်။ ပုတီးစိပ်သူများကိုလည်း 'ဒီလူက ပုတီးသမား ဘုရားလူကြီးဗျ' ဟု ကဲ့ရဲ့လိုသောစိတ်ရင်းဖြင့် ပြောဆိုတတ်ကြသေးသည်။ 'လူ့အဖွဲ့အစည်းတွင် တစ်နည်းမဟုတ်တစ်နည်း ညံ့ဖျင်းသွားသူ' ဟူ၍ ဝိုင်းပယ်ထားလိုကြဟန်လည်း တူပါသည်။

ကျွန်တော်သည် တစ်ချိန်တစ်ခါဆီက ပုတီးသမား၊ ဘုရားလူများကို ဤသို့ အထင်ရောက်ခဲ့ရုံမျှမက၊ ထိုလူများအကြောင်းကိုလည်း ကဲ့ရဲ့လိုသည့်စိတ်ရင်းဖြင့် ပြောဖူးသူ ဖြစ်ပါသည်။ 'လူလိမ်လူညာ' ဟူ၍ပင် ဆိုခဲ့ဖူးသည် ထင်ပါသည်။ ကျွန်တော် ၁၉၈၈ ခုနှစ် မတ်လ ရတနာမွန်မဂ္ဂဇင်းတွင် 'ကျွန်တော် ဘာကြောင့် ဘုရားရှိခိုးသနည်း' ဟူသောဆောင်းပါးကို ရေးခဲ့သည့်အတိုင်း၊ လူလောကဓမ္မတာ သောက ဖြစ်စရာများနှင့် ကြုံတွေ့ရသောအခါမျိုးတွင် သူလိုကိုယ်လို လူသာမန်


mgyoe.com

mgyoe.com SAMPLE BOOK


များ၌ အားကိုးအားထားပြု၍ မရနိုင်ပါက၊ မိမိ၏ ပူပန်လောင်မြိုက်သော နှလုံးဝမ်းကို ငြိမ်းချမ်းအောင်ပြုနိုင်သည်မှာ လူ့လောကကို လောင်ကျွမ်းစေတတ်သော ရာဂ, ဒေါသ, မောဟမီးတို့ကို ငြိမ်းစေခဲ့ပြီးဖြစ်သော သဗ္ဗညုတဘုရား၊ ဆင်ခြင်ဖွယ်ရှိသည်ကို ဆင်ခြင်ရန်အတွက် ဘုရားဟောကြားခဲ့သည့်တရားများ၊ ဘုရားအဆုံးအမအတိုင်း ကျင့်ကြံအားထုတ်၍ ငြိမ်းရာအေးရာတရားများကို ကိုယ်တော်တိုင်သိမြင်ကာ ရာဂ, ဒေါသ,မောဟတို့ကို ပယ်သတ်ပြီးဖြစ်သော ဘုရားတပည့်သား သာဝကများ။ ဤရတနာ ၃ ပါးသာလျှင် ရှိသည်ကို သိမြင်အားကိုးတတ်ရပါလိမ့်မည်။

ဤရတနာ ၃ ပါး ၁ ပါးပါးကို နှလုံးသွင်းဆင်ခြင်တတ်လျှင်၊ ဆည်းကပ်ကိုးကွယ်တတ်လျှင် ဝေဒနာတစ်ခုခုနှိပ်စက်သဖြင့် ကိုယ်,စိတ် -၂ ပါး ဆင်းရဲနေရသူသည် အားကိုးလောက်သော ဆရာကောင်းသမားကောင်းတွေ့သည်တွင် အားတက်ဝမ်းသာလာသကဲ့သို့ စိတ်၌ဖြစ်သော ဝေဒနာသည် ရှေးဦးစွာ ပျောက်ကင်းမည်။ ထိုနောက်- 'ဆရာ' ၏ ကုသစောင့်ရှောက်မှုဖြင့် ကိုယ်၌ကပ်သောဝေဒနာသည် ပျောက်ကင်းမည်။ ဤကဲ့သို့သော အကျိုးထူးများကိုလည်း ကိုယ်တွေ့ကြုံဖူးသူများသာ ယုံကြည်ကြရသည့်အကျိုးထူးများ ဖြစ်ပါသည်။ စာထဲ၌ ဖတ်ရဖူးရုံဖြင့် ယုံကြည်ရမှုမျိုး မဟုတ်။ လူတို့၏စိတ်၌ ဖြစ်တတ်သော အခြေအနေကိုလည်း ကဲ့ရဲ့ခြင်းကင်းစွာ ကိုယ်ချင်းစာနာတတ်သောလူမျိုး၌သာ နားလည်တတ်သောယုံကြည်မှုများ ဖြစ်သည်။

ဤသို့အားဖြင့်၊ 'ရတနာ ၃ ပါး၌ ယုံကြည်ဆည်းကပ်မှုသည် အဓိပ္ပာယ်ကင်းမဲ့သောအလုပ်' ဟု အဆောတလျင် ထင်မြင်ချက် မပေးလိုက်ဘဲ၊ သူ့အဓိပ္ပာယ်နှင့်သူ ရှိသည်ကို လက်ခံကာ 'ဤအရာ၌ သာမန်အားဖြင့် နားမလည်နိုင်သည့်ကိစ္စ ရှိမည်' ဟု တွေးတောတတ်လာသော


mgyoe.com

mgyoe.com SAMPLE BOOK

အခါ ရတနာ ၃ ပါးအားလည်းကောင်း၊ မိမိအား တစ်နည်းမဟုတ် တစ်နည်း ကျေးဇူးပြုတတ်သောတရားနှင့် တရားရှင်ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကိုလည်း မှုချသိမြင်လာမည် ဖြစ်ပါသည်။

ကျွန်တော်သည် လူအများက မိမိအား 'သူတော်ကောင်း' ဟု ထင်မြင်စေလိုသည့်စိတ်မျိုး အလျဉ်းမပါဘဲ နံနက်၊ ညဥ့် ဘုရားရှိခိုးပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာ ၃ ပါး၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပါသည်။ အမိ၊အဖနှင့်တကွ အမိ၊အဖတော်ခဲ့ဖူးသူ၊ ကျွန်တော့်အား အမိ၊အဖသဖွယ် စောင့်ရှောက်ခဲ့သူတို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပါသည်။ မြတ်စွာဘုရားကိုအမှူးထား၍ လက်ဦးဆရာ မိဘများနှင့်တကွ၊ ကျားမကြီးငယ်မဟူ ကျွန်ုပ်အား လူတစ်လုံးသူတစ်လုံးဖြစ်အောင် သွန်သင်ပြသခဲ့သော ကြားဆရာ မြင်ဆရာ သင်ဆရာ အားလုံးသော ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပါသည်။ ထိုမှတစ်ပါးလည်း ကျွန်တော်၏အကျိုးစီးပွားကို လိုလားစောင့်ရှောက်ကြသော ကျားမကြီးငယ်မဟူ အဆွေခင်ပွန်းကောင်းတို့၏ ဂုဏ်ကျေးဇူးကိုလည်း အောက်မေ့ပါသည်။

ထိုသို့သော ဂုဏ်ကျေးဇူးရှင်အပေါင်းကို ကျွန်တော် ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပါသည်။ စိတ်ထဲ၌လည်း ထိုပုဂ္ဂိုလ်တို့အား ရည်မှန်း၍ ကျွန်တော်ပြုသည့် ကုသိုလ်ကောင်းမှုအားလုံးတို့၏ အဖို့အစုကို အမျှပေးဝေပါသည်။ ထိုပုဂ္ဂိုလ်တို့နှင့် ပတ်သက်၍လည်း မည်သည့်အခါတွင်မှ ကျေးဇူးမဲ့ကို မပြုမိ၊ မပြောဆိုမိ၊ မကြံစည်မိအောင်လည်း အမြဲတစေ သတိနှင့်နေပါသည်။ ထိုနောက်တွင် 'ကျွန်တော်အပါအဝင် သတ္တဝါအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်း ကင်းဝေးကြပါစေ၊ ကင်းလွတ်ကြပါစေ။' ဟူ၍ ဆုတောင်းမေတ္တာ ပို့သပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

# ၃
# ယုံကြည်မှု, ကိုးကွယ်မှုနှင့် မာန

တစ်ခါက ကျွန်တော့်မိတ်ဆွေ လူငယ်တစ်ယောက် ကျွန်တော့်အိမ်ကို ရောက်လာပြီး စကားစမြည်ပြောရင်း ကျွန်တော့်ကို ကောက်ကာငင်ကာ မေးခွန်းတစ်ခုမေးပါတယ်။

'ဦးလေး နေ့တိုင်း ဘုရားရှိခိုးသလား။'

သူထိုင်တဲ့နေရာက ကျွန်တော်ရဲ့အိမ်ကဘုရားစင်နှင့် မျက်နှာချင်းဆိုင်နေရာ၊ အဲဒီတုန်းက ကျွန်တော့်ဘုရားစင်မှာ ပန်းတွေ လန်းဝေနေတယ်။ သူငယ်ချင်းတစ်ယောက် လာပေးထားတဲ့ နံ့သာအမွှေးတိုင်များလည်း ထွန်းညှိထားတာမို့ သင်းပျံ့ပျံ့ရနံ့ကလည်း အခန်းထဲ၌ ပျံ့လွင့်နေပါတယ်။

အဲဒီလူငယ်ဟာ ခေတ်ပညာတတ်တစ်ယောက်ဖြစ်ပြီး စာလည်းအလွန်ဖတ်တာကို ကျွန်တော် သိပါတယ်။ ကျွန်တော်ရေးတဲ့စာများကို 'ဘာသာရေးဆောင်းပါးများမှတစ်ပါး အားလုံးလိုလို ဖတ်တယ်၊ သဘောကျတယ်' လို့လည်း ပြောပါတယ်။

'ဘာသာရေးဆောင်းပါးတွေကို ဘာဖြစ်လို့ မဖတ်သလဲ။' လို့ ကျွန်တော်ကမေးတော့ သူက ပြုံးနေတယ်။ သူ ပြုံးပုံကိုကြည့်ပြီး


mgyoe.com

ကျွန်တော်က 'အယုံအကြည်မရှိဘူး ဦးလေး' လို့ ဖြေရမှာ အားနာနေတဲ့အပြုံးမျိုးလို့ အဓိပ္ပာယ်ကောက်မိပါတယ်။

အေးလေ- ကျွန်တော် နားလည်နိုင်ပါတယ်။ ကျွန်တော်လည်း ငယ်စဉ်က သူတို့လိုပဲ 'ဘာသာတရားကိုင်းရှိုင်းမှု' ဆိုတာကို အဲသလို အထင်ရောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့်- ကျွန်တော်ငယ်စဉ်က ဘုန်းကြီးကျောင်းနေဖူးတာရယ်၊ မိဘများက ဘာသာတရား အလေးအမြတ်ထားသူများ ဖြစ်တာရယ်ကြောင့် ဘာသာတရားနှင့် ပတ်သက်လာရင် 'အယုံအကြည်မရှိဘူး' ဆိုတဲ့စကား မပြောဝံ့ခဲ့ပါဘူး။

စင်စစ် ဘာသာတရားကိုင်းရှိုင်းမှုနဲ့ ပတ်သက်လို့ ခေတ်ယဉ်ကျေးမှု သိပ္ပံပညာ စာပေအနုပညာနဲ့ ဒဿနများမှာ အလေ့အလာရှိသူတို့အဖို့ ဘုရားရှိခိုးတာ၊ ပရိတ်စတဲ့ ဗုဒ္ဓမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်တို့ကို အဓိပ္ပာယ်ရှာလို့မရ၊ သရဏဂုံ ၃ ပါးနဲ့တကွ ၅ ပါး၊ ၈ ပါး အစရှိတဲ့ သီလဆောက်တည်တာတို့မှာလည်း 'အကျိုးအာနိသင် တကယ်ရှိတယ်' လို့ မထင်ကြတာ အတော်များများ တွေ့ရတယ်။

ဒါတွေက မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ လုပ်ရိုးလုပ်စဉ်တွေပါ။ ဘာမှ အဓိပ္ပာယ်ရှိလှတာတွေ မဟုတ်ပါဘူး။ စဉ်းစားကြည့်ပါလေ။ မျက်စိမှိတ်ပြီး ယုံကြည်လက်ခံထားရတာတွေဟာ ရှေးခေတ်အခါများမှာတော့ စာပေပညာအရပ်ရပ်ကလည်း မထွန်းကားသေးတော့ ကျိုးကြောင်းဆင်ခြင်တုံတရား ဆိုတာလည်း သိပ်ရှိခဲ့ကြသေးတာမဟုတ်တော့ ပြောတာယုံပြီး၊ ယုံတာမှာစွဲလမ်းရင်းနဲ့ 'မိရိုးဖလာဗုဒ္ဓဘာသာ', 'မိရိုးဖလာခရစ်ယာန်' ဆိုတာမျိုးတွေ ဖြစ်လာကြတာပေါ့။ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးခေါ်ကြံဆ လာတတ်ကြတဲ့အခါမှာတော့ အဲဒီ မိရိုးဖလာလုပ်ရပ်အတော်များများဟာ 'အဓိပ္ပာယ် သိပ်မရှိလှဘူး' လို့ မြင်လာကြတယ်။


mgyoe.com

ဟုတ်ပါတယ်။ ဘုရားကို အာရုံမပြုတတ်ဘဲနဲ့ ဘုရားရှိခိုးတွေ, ပရိတ်တွေ လျှောက်ရွတ်နေရုံကတော့ သူတို့ထင်သလိုပဲ 'သိပ်အကျိုးမရှိနိုင်ဘူး' ဆိုတာကို ကျွန်တော် လက်ခံပါတယ်။ သို့ပေမယ့်- အဲသလို ပါးစပ်က လျှောက်ရွတ်နေတာတွေမှာ အဓိပ္ပာယ်ကို သိသိ-မသိသိ ကျေးဇူးရှိပါတယ်။ 'ဘယ်နိပါတ်မှာ ဘယ်သူဟာဖြင့် ဘယ်ဂါထာကို နှုတ်ကျင့်ပါပြီး အဓိပ္ပာယ်မသိဘဲရွတ်နေရုံနဲ့ ဘီလူးအစားခံရမည့်ဘေးက လွတ်ခဲ့တယ်' လို့ အချို့ဆရာများက အကိုးအကားနဲ့ ဟောထားတာက လည်း ရှိပါတယ်။ အဲဒီလိုသာဓကတွေကို ယနေ့ခေတ်အမြင်နဲ့ လူငယ်တွေကတော့ ဘယ်ဗေဒင်ဆရာ ဘယ်သူကို ဘယ်လိုဟောလိုက်တာ ဘယ်လိုအထိ အတိအကျမှန်လို့ အံ့စရာကောင်းကြောင်း သာဓကများ၊ ဆရာဝန်များက လက်လျှော့ထားတဲ့ ဘယ်လူနာကို ဘယ်ဆေးဆရာက ဘာဆေးနဲ့ကုလိုက်တာ မသေတဲ့အပြင် ကျန်းမာဝဖြိုးပြီး အဲဒီနောက် နှစ်ပေါင်း ၃၀ လောက် ရှိပြီ ကျန်းမာတုန်းပဲဆိုတဲ့ သာဓကမျိုးထက် ဘာမှပိုပြီး ထူးတယ်လို့ ထင်ကြတာ မဟုတ်ပါဘူး။ ကျမ်းဂန်အကိုးကားကို ပြလို့လည်း အချို့က ကျမ်းကိုးကိုပဲ 'ယုတ္တိမရှိဘူး' လို့ ဆိုချင်ကြတဲ့သဘော၊ ဘုရားဟောအခိုင်အမာရှိတာတောင် မယုံရင်တော့ မတတ်နိုင်ဘူးလို့ ဆိုချင်ရင်တော့ ဆိုပါ။ အခုခေတ်သား,ခေတ်သမီးတို့ရဲ့ ပြဿနာက 'ဘုရားဟောက', 'ဘုရားဟောလို့' ဆိုတဲ့အတိုင်း မယုံကြည်တဲ့ ပြဿနာ။

သူတို့သဘောကတော့ လက်တွေ့ကျတာကလွဲပြီး ဘာမှမယုံချင်တဲ့သဘော။ 'ဒါဖြင့် မိမိကိုယ်ပိုင်ယုံကြည်မှုဆိုတာ ရှိသလား။' လို့ မေးတာကို 'ရှိပါတယ်'လို့ဖြေရင် တကယ်တော့ 'ရှိသလား။' 'မရှိပါဘူး။' လို့ မဖြေချင်တာလား ဆိုတာကို စိစစ်ရလိမ့်ဦးမယ်။ သူတို့ကိုယ်သူတို့လည်း ပြန်စစ်တမ်းထုတ်ပြီး 'ငါ့အယူအဆဟာ မှန်သ


mgyoe.com

လား။ မှန်တယ်ဆိုတာ ကိုယ်တိုင်သိလား။ လူပြောသူပြောလား။ ဘေး အန္တရာယ်တစ်ခုခုက လွတ်မြောက်ရတာ၊ အခက်အခဲတစ်ခုခုကို အောင် နိုင်တာ၊ မထင်မှတ်ဘဲ ပြဿနာတစ်ခုခု ထူးထူးဆန်းဆန်း ပြေလည်သွား တာတွေဟာ မိမိကိုယ်စွမ်းကိုယ်စကြောင့်လား။ ဒီလိုဖြစ်ထိုက်လို့ ဖြစ်ရ တာ၊ ဒီလိုပဲ ဖြစ်ရမှာပါပဲလို့ ယုံကြည်တယ်ဆိုတာ လိုရာဆွဲတွေးထားတာ မဟုတ်ဘဲ၊ တကယ်ဟုတ် တကယ်မှန်ဆိုတာ သေချာသလား' လို့ ကိုယ့်ကိုယ်ကို ပြန်မေးပြီး မကွယ်မထောင့်ဖြေကြည့်ပါလို့ ပြောရပါ လိမ့်မယ်။ 'ဒီအကြောင်းအပြင် တခြားအကြောင်းများ ရှိသေးသလား' ဆိုတာကိုလည်း ရှာဖွေကြည့်စေရပါမယ်။

'လူ့ဘဝဆိုတာ ဒိုတစ်ခါ ရယ်တစ်လှည့်' လို့ ဆိုစမှတ် ပြုကြ ပါတယ်။ ဘယ်သူ့ဘဝမှာမှ အကောင်းချည်းလည်း မဟုတ်၊ အဆိုးချည်း မဟုတ်ပေဘူး။

ပြီးတော့၊ လူဆိုတာမျိုးဟာ အကောင်းလှည့်နဲ့ ကြုံတဲ့အခါ 'ငါမှငါ' ဆိုတာလို တက်ကြွတဲ့စိတ်များနဲ့ အမှန်တရားနဲ့ ကင်းလွတ် တတ်သလို၊ အဆိုးလှည့်နဲ့ ကြုံတဲ့အခါမှာတော့ 'လောကကြီးဟာ ဘာမှ တရားမျှတမှုမရှိပါလား၊ အကောင်းမရှိပါလား'လို့ ကိုယ့်သားမယားနဲ့ ကိုယ့်ခင်ပွန်းကအစ လူတွေအားလုံးအပေါ်မှာ နာကြည်းပြီး ဒေါသလည်း ဖြစ်ရတတ်သလို စိတ်ဓာတ်လည်း ကျရတတ်တာကြောင့် အမှန်သဘော ကို မဆင်ခြင်မိဘဲ ကင်းလွတ်နေတတ်ပါတယ်။

'မာန'ဆိုတဲ့ တက်ကြွထောင်လွှားတဲ့စိတ်မျိုးဟာ လူကို အနှိပ် စက်ဆုံးဖြစ်သလို၊ 'ဒေါမနဿ' ဆိုတဲ့ အပြစ်နဲ့တကွဖြစ်တဲ့ စိတ်မျိုးဟာ လည်း အလားတူပဲ နှိပ်စက်တတ်ပါတယ်။ မိမိရဲ့ လက်တွေ့ဘဝမှာ ပြန်ကြည့်ရင် အဲဒီ တက်ကြွထောင်လွှားတဲ့စိတ်မျိုး၊ အရေးနိမ့်ခဲ့ရလို့ အလိုမကျဖြစ်ခဲ့ရတဲ့စိတ်မျိုးကို ကြုံဖူးပါလိမ့်မယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


'လောကဓံတရားနဲ့ ကြုံတွေ့ရတဲ့အခါ မတုန်လှုပ်ပါဘူး' ဆိုတာတွေကတော့ ဘုရားနဲ့ ရဟန္တာတွေပဲ ရှိပါတယ်။ သူတို့ကတော့ လောကဓံဆိုတာကို အရင်းအမြစ်ကစပြီး ရှင်းရှင်းလင်းလင်း သိမြင်ထားသူများဖြစ်လို့၊ ဒီလောကဓံနဲ့ မလွဲမသွေကြုံရတဲ့အခါ ဘယ်လိုမှ မတုန်လှုပ်ပေမယ့် အမှန်သဘောကို သူတို့လို မသိမမြင်သူများမှာတော့ လောကဓံအနိမ့်အမြင့်တွေကို ဖြတ်သန်းရတဲ့အခါမှာ မတုန်မလှုပ်ဘဲ မနေနိုင်ကြပေဘူး။ တုန်လှုပ်ကြရလိမ့်မယ်။

အဲ- လူကို ဒုက္ခအပေးဆုံး၊ အနှိပ်စက်ဆုံး ဆိုတာကတော့ အဲဒီ'တုန်လှုပ်တတ်တဲ့စိတ်'ပဲ ဖြစ်ပါတယ်။ လောကဓံအမြင့်ပိုင်းရောက်လို့ အကောင်းချည်းကြုံနေရတဲ့အခါမှာ တက်ကြွထောင်လွှားတဲ့ စိတ်က ကိုယ့်ကို မိုးကိုဒူးနဲ့ ခုန်တိုက်အောင် မြှောက်ပေးတတ်သလို၊ လောကဓံအနိမ့်ပိုင်းရောက်လို့ အဆိုးချည်းတွေ့နေရပြန်တော့ ဆုတ်နစ်တဲ့စိတ်က 'ကဲ- ဖြစ်ချင်ရာဖြစ်တော့၊ သန်းခေါင်ထက် ညဉ့်မနက်တော့ဘူး'ဆိုပြီး ထင်ရာလုပ်ပစ်ဖို့ တွန်းချတတ်ပါတယ်။

မိုးကို ဒူးနဲ့ခုန်တိုက်သူဟာ မိုးပေါ်မှာ ရပ်တည်ရာမရနိုင်လို့ မြေကြီးပေါ်ပြန်ကျတဲ့အခါ အကျနာတတ်သလို၊ 'ဖြစ်ချင်ရာဖြစ်၊ သန်းခေါင်ထက် ညဉ့်မနက်ဘူး' ဆိုပြီး ဆုတ်နစ်တဲ့စိတ်က တွန်းချတာ ခံရရင်လည်း နွံထဲမှာ ကျွံပြီး လှုပ်လေမြုပ်လေ ဆိုတာမျိုးနဲ့ အဖြစ်နာတတ်တယ်ဆိုတဲ့ အသိနဲ့ သတိကလေးတစ်ခု မိမိမှာမြဲဖို့ ဆိုတာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဆင်ခြင်ရပါမယ်။

အဲသလို သတိရှိဖို့ဆိုတာ လူသာမန်တို့အဖို့ လွယ်လှမယ် မဟုတ်ပါဘူး။ မျက်စိမမြင်သူအဖို့ ဘေးအန္တရာယ်ကို ကြည့်ပြီး ရှောင်တတ်မယ် မဟုတ်ပါဘူး။ ခြေလက်မသန်သူအဖို့လည်း ဘေးအန္တရာယ်ကို ပြေးပြီး ရှောင်တတ်မယ် မဟုတ်ပါဘူး။ မျက်မမြင်ဒုက္ခိတနဲ့တူတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

ပုထုဇဉ်အကန်းဟာ သူ့ဟာသူ 'မျက်မမြင်အကန်းပါလား' ဆိုတဲ့အသိက အခါခပ်သိမ်း မြဲတယ်လို့ မထင်ပါနဲ့။

တစ်ခါက ရွာတစ်ရွာမှာ မီးလောင်တော့ မျက်မမြင်ဒုက္ခိတ တစ်ယောက်ဟာ ပြေးရင်း ရေတွင်းထဲ လိမ့်ကျသွားသတဲ့။ တခြားလူတွေ ကမြင်လို့၊ "ဟော့- ဒီမှာ ဒုက္ခိတ ရေတွင်းထဲကျသွားလို့ ကယ်ကြပါဦး။" လို့ အော်ပြောနေတာကို ရေတွင်းထဲက မျက်မမြင်က ကြားသွားတော့၊ "အံမာ- ငါက ရေတွင်းထဲကျတာ မဟုတ်ဘူး။ မီးငြိမ်းဖို့ ရေခပ်တာ။ အပေါ်မှာ ရေငင်ပုံးမတွေ့လို့ တွင်းထဲဆင်းရှာတာ။" လို့ လှမ်းပြောသတဲ့။ အဲ- အဲဒါနဲ့ လူတွေက ကြုံရာက လှေကားတစ်ခုယူလာပြီး ရေတွင်းထဲကလူ တက်ရအောင်ချပေးတော့ လှေကားက နည်းနည်းရှည် နေလို့ ရေတွင်းပေါ်က စက်သီးတပ်တဲ့တန်းကို သွားမီနေတယ်။ ရေတွင်း ထဲကလူလည်း စမ်းပြီးတက်လာတော့ တွင်းနှုတ်ခမ်းကို လွန်ပြီးတက် သွားတယ်။ ဘေးကလူတွေက "ဟော့- ဟော့- တွင်းနှုတ်ခမ်းက ဒီမှာ ရောက်ပြီလေ။ ဘာဖြစ်လို့ ဆက်တက်သွားရတာလဲ။" လို့ အော်တဲ့လူက အော်၊ "မျက်စိမှ မမြင်တာကွ" လို့ ပြောတဲ့လူက ပြောတော့ ဒုက္ခိတက "အံမာ- ငါသိပါတယ်။ မီးညွန့်ကျိုးပလားလို့ တက်ကြည့်တာပါ။" ဆိုပြီး ပြန်ဆင်းလာသတဲ့။

တွင်းနှုတ်ခမ်းကိုရောက်တော့ လူတွေက သူတို့ တွဲယူမယ်ဆို တော့ မျက်စိမမြင်သူက "ဖယ် ဖယ်- ငါ့ဘာသာငါ သွားတတ်ပါ တယ်။" လို့ ဆိုပြန်သတဲ့။ အဲသလိုပြောပြီး ခြေ ၁၀ လှမ်းမှမရောက်ခင် အိပ်နေတဲ့ခွေးကို တက်နင်းမိလို့ ခွေးက 'ဂိန်' လို့အော်ပြီး ထပြေးတာကို မျက်မမြင်က "မှတ်ပြီလားဟ။ နင့်ကို တက်နင်းချင်နေတာကြာပြီ။" လို့ ပြောလိုက်သတဲ့။


mgyoe.com

mgyoe.com SAMPLE BOOK

အဲသည်လို မိမိကိုယ် မိမိ 'ဒုက္ခိတပါ'လို့ ပြောရမှာ ဝန်လေးနေတဲ့ ဒုက္ခိတလိုပဲ၊ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကို 'ပုထုဇဉ်ပါ၊ လောကစံကို (ယောနိသော မနသိကာရအားဖြင့်) အသင့်အတင့် နှလုံးမသွင်းတတ်သေးပါဘူး' ဆိုတာကို ပြောဖို့ ဝန်လေးနေမှုကြောင့် 'ငါ ငါ ငါ' ဆိုတဲ့ မာနက အထိန်းအချုပ်မရှိ တက်လာတတ်ပါတယ်။ ဒီမာနဟာ လောကစံအမြင့်ပိုင်းတုန်းက မိုးထိအောင်ပင် ပင့်တင်တတ်သလို အနိမ့်ပိုင်းရောက်တော့လည်း ကိုယ်နှင့်မကွာကပ်ပြီး နှိပ်စက်နေတတ်ပါတယ်။ ရေတွင်းထဲ လိမ့်ကျသွားတာတောင် 'ရေပုံး ဆင်းရှာတာပါ' လို့ ပြောတတ်ပါတယ်။ အိပ်နေတဲ့ခွေးကို မမြင်လို့ မတော်တဆ တက်နင်းမိတာကိုတောင် 'မှတ်ဟာ၊ နင့်ကိုငါ တက်နင်းချင်တာ ကြာပြီ။' လို့ ပြောတတ်ပါတယ်။

အဲသည်လို 'မာန' ဆိုတာက မိမိရဲ့ဒုက္ခိတဘာဝကို ဖုံးကွယ်ထားတတ်ပါတယ်။ ကယ်မည့်ကူမည့်သူ ရှိနေတာတောင် 'ဖယ် ဖယ်-ငါ့ဘာသာငါ သွားတတ်ပါတယ်။' လို့ ပစ်ပယ်တတ်ပါတယ်။ သူများကို ယုံကြည်တာ မယုံကြည်တာထက် ကိုယ့်ကိုယ်ကို ဒုက္ခိတအဖြစ်မခံချင်တဲ့သဘောက များပါလိမ့်မယ်။ လူ့စိတ်ဆိုတာ အင်မတန်ဆန်းကြယ်ပြီး အဆုံးမရ ခက်လှပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK 

# ၄
# ကျွန်တော့်အိမ်ကဘုရားစင်
# ဘာကြောင့် ဆွမ်း, ပန်း, ရေချမ်း တင်သနည်း။

'လူရှိရာတွင် ဘုရား, တရား, သံဃာ-ရတနာ ၃ ပါး ရှိသည်' ဆိုသည့် အယူအဆဖြင့် ကျွန်တော့်အိမ်တွင် ဘုရားစင်ထားရှိကာ နံနက် အိပ်ရာထ ညအိပ်ရာဝင် ဘုရားကန်တော့သည့်အကြောင်း ယခင် ဆောင်းပါးတစ်ခု၌ ကျွန်တော် ရေးခဲ့ပါသည်။ ထိုဘုရားစင်တွင် ကျွန်တော်၏ဇနီးက ပန်းမညှိုးရအောင် အမြဲကြည့်၍ လဲသည်။ ဖန်ခွက် ငယ်ကလေးများဖြင့် သောက်တော် ရေ အမြဲလဲ၍ တင်သည်။ ကျွန်တော် တို့ နံနက်စာ မစားသောက်မီ ပန်းကန် ငယ်တို့ဖြင့် ဆွမ်း,ဆွမ်းဟင်း တင်သည်။ လျှပ်စစ်မီးလုံး ၂၅ တိုင်အား အမြဲလိုလို ထွန်းညှိပူဇော်ထား သည်။ လျှပ်စစ်မီးပျက်သောအခါ ဖယောင်းတိုင်မီး ဆက်ပူဇော်သည်။

၂ ပတ် ၁ ကြိမ်၊ သို့မဟုတ် ၁ လလျှင် ၁ ကြိမ်-ဘုရားစင်ကို ရှင်းလင်းကာ ကြေးဆင်းတုကို ရောင်တော်ဖွင့်သည်။ အမှိုက်သရိုက်, ဖုန်များ ရှင်းသည်။ ဤသည်တို့ကား ကျွန်တော်၏ဇနီး,သမီးနှင့် မြေးတို့ ၏ မပျက်မကွက်ဆောင်ရွက်သော အလုပ်တို့ပေတည်း။ ထို့ကြောင့်- ကျွန်တော်၏အိမ်ကဘုရားစင်သည် အမြဲပင် ကြည်လင်သန့်ရှင်း၍ ဆင်းတုတော်များမှာလည်း အမြဲပင် ပြောင်လက်၍နေပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အိမ်သို့ ရောက်လာတတ်သော မိတ်ဆွေများတွင် တချို့က ဘုရားစင်ကို အဦးဆုံး လက်အုပ်ချီအာရုံပြုလေ့ ရှိကြသည်ကို တွေ့ရပါသည်။ အချို့က ဆွမ်းတော်တင်သည်ကို ပန်းကန်ကြီးကြီးနှင့် များများတင်ရန် အကြံပြုကြပါတယ်။ ပန်းအိုးများကိုလည်း ယခုထက် များများ ဝေနေအောင်ပန်းထိုးရန် အကြံပြုကြပါသည်။ ဘုရားမီးလုံး ကလေးများထွန်းရန် အကြံပြုကြပါသည်။ ဤသို့အကြံပြုသူများသည် ကျွန်တော်နှင့် အယူအဆတူသူ၊ ကျွန်တော့်ထက် သဒ္ဓါတရားကြီးမား သူများ ဖြစ်ကြပါသည်။

ကျွန်တော်နှင့်အတူ အယူအဆတူသူများလည်း ရှိပါသည်။ 'ပန်းဖိုး တစ်နေ့ ၃–၄ ကျပ်မှ ၅ ကျပ်–၆ ကျပ်အထိ များလှသည်'ဟု ဝေဖန်သူက ဝေဖန်သည်။ 'အိမ်မှာ ခိုင်းစရာလူများ ရှိနေ၍သာ ဤမျှ ဆွမ်း၊ ပန်း၊ ရေချမ်းတို့ကို မှန်မှန်တင်နိုင်သည်။ ထိုသို့ မဟုတ်လျှင် မလွယ်' ဟု ဆိုသူကဆိုသည်။ အချို့ကမူ 'ဤကိစ္စများသည် အလုပ်ပို ဖြစ်သည်။ တကယ်က စိတ်သာမူလ' ဟု ဆိုသည်။ 'စိတ်သာရှင်စော ဘုရားဟောဖြစ်၍ စိတ်ကကြည်ညိုလျှင် ပြီးသည်' ဟု ဆိုပါသည်။ ကျွန်တော် ခပ်ငယ်ငယ်က ဂိုဏ်းတစ်ဂိုဏ်း၏ အဆိုအရ၊ 'ဘုရား၌ ပန်းတင်ခြင်းကို ကြွက်သိုက်လုပ်ဖို့ အမှိုက်တင်ခြင်း၊ ဆွမ်းတင်ခြင်းကို ကြွက်စာကျွေးခြင်း၊ ဆီမီးထွန်းခြင်းကို ကြွက်လမ်းပြခြင်း'ဟု ခပ်ကြမ်း ကြမ်း ဆိုခဲ့ကြသည်။

ငယ်ရွယ်သူအနေဖြင့် တော်လှန်သောသဘာဝကို သဘောကျခဲ့ သဖြင့် ကျွန်တော်လည်း ဤအယူအဆကို စိတ်ထဲက ထောက်ခံခဲ့သည်။ ထောက်ခံခဲ့သည်မှာလည်း အကြောင်းမဲ့ မဟုတ်။ အချို့အိမ်များတွင် ဘုရားစင်က ညောင်ရေအိုး၌ ကျွမ်းထိုးကောင်များကျကာ ပန်းများမှာ လည်း ၁ လ–၂ လကြာ မလဲဘဲပစ်ထား၍ ညှိုးခြောက်လျက် ပင့်ကူ


mgyoe.com

mgyoe.com SAMPLE BOOK

အိမ်များတန်းနေသည်ကို မြင်ခဲ့ရဖူးသည်။ ဆွမ်းတော်တင်ပြီး ၂ ရက်-၃ ရက် မစွန့်ဘဲထားသဖြင့် ပုရွက်ဆိတ်များ တက်နေသည်ကိုလည်း မြင်ခဲ့ရဖူးသည်။ သူတို့ဘုရားစင်များကို ကြည့်ရသည်မှာ ကြွက်သိုက် ဖြစ်နေသည်။ တစ်ခါတစ်ရံ မိမိနှင့် ခင်မင်သူများ၏အိမ်တွင် ဤသို့ တွေ့မြင်ခဲ့ရပါက၊ 'ဘုရားစင်ကို ရှင်းလင်း၍ ပန်း၊ရေချမ်း တင်ထားရန်' ပြောခဲ့မိ၏။ အိမ်ရှင်များအနေနှင့် ကျွန်တော့်ကို ဘယ်လိုထင်မည် မသိပါ။ ကျွန်တော်ကတော့ ဘုရားစင်ရှုပ်ပွနေလျှင် မကြည့်ချင်။ သူ့အိမ်ဖြစ်ဖြစ် ကိုယ့်အိမ်ဖြစ်ဖြစ် ရှင်းလင်းသုတ်သင်၍ ကြည်လင်လန်းဆန်းအောင် ပြုပြင်၍ ထားစေချင်သည်။

ပန်းဖိုး တစ်နေ့ ၃-၄ ကျပ်၊ ၅ ကျပ်-၆ကျပ် ကုန်သည်ကို 'များသည်'ဟု ဝေဖန်သူတို့အား တစ်နေ့လျှင် ဘုရားတင်ဖို့ ပန်းဖိုး ၄-၅-၆၀-၁၀၀ အင်အားအလိုက်သုံးသော မိုးကုတ်သူမိုးကုတ်သားများ က ကြားလျှင် ရယ်လိမ့်မည်။ မိုးကုတ်သူမိုးကုတ်သားတိုင်း သူဌေးချည်း မဟုတ်ကြ။ သူလိုကိုယ်လို လုပ်စားကိုင်စားများက လူများစု ဖြစ်သည်။ ဘုရားတင်ဖို့ ပန်းဖိုးကို ဘာကြောင့် ဤမျှသုံးရသည်ကို အစက ကျွန်တော် သိပ်နားမလည်ခဲ့သော်လည်း၊ 'ဘုရားစင် သန့်ရှင်းလှပမှ မိမိလည်း စိတ်လက်ကြည်လင်၍ အရာရာအောင်မြင်သည်' ဆိုသည့် သဘောကို ကျွန်တော် နောက်မှနားလည်ပါသည်။

ဆွမ်းတော်တင်သည့်အလေ့အထကိုလည်း ဝေဖန်သူများ ရှိပါသည်။ ဆွမ်းတင်သည့်အလေ့ကို မည်သည့်အချိန်ကာလက စတင်ပြုလုပ်ခဲ့ကြသည်ကို မသိပါ။ မည်သည့်ရည်ရွယ်ချက်နှင့် ပြုလုပ်သည်ကိုလည်း နားမလည်ခဲ့ပါ။ ကျွန်တော်ငယ်စဉ်က အမေ နေ့တိုင်း ဘုရားဆွမ်းတော် တင်သည်ကို ကြည့်ပြီး၊ "ဆွမ်းတော်တင်တာ ဘာအဓိပ္ပာယ်လဲအမေ။" ဟု မေးတော့၊ အမေက "လူမစားခင် စားဦးသောက်ဦးတင်ပြီး ပူဇော်


mgyoe.com

mgyoe.com SAMPLE BOOK

တာပေါ့ကွယ်။ လူဆိုတာ ကိုးကွယ်စရာရှိရတယ်။'' ဟု ပြောပါသည်။ ကျွန်တော် သိပ်နားမလည်သေးသော်လည်း အမေ့စကားများကိုတော့ မှတ်မိနေပါသည်။

တစ်ခါက ကျွန်တော်၏အဖေသည် အသည်းအသန် မမာမကျန်း ဖြစ်သည်။ မြို့ပြမနီး၍ ရွာတွင်ပင် မြန်မာဆေးသမားနှင့် ကုရသည်။ ထိုဆေးဆရာသည် အဖေ့ညီဝမ်းကွဲ တော်သည်။ ကျွန်တော်တို့ရွာတစ်ဝိုက်တွင် နာမည်ကြီးဆေးဆရာကြီး ဖြစ်သည်။ ထိုဆရာကြီးက နေ့ရော ညပါ ဂရုစိုက်၍ ကုသသော်လည်း အဖေ့ဝေဒနာမှာ သက်သာခွင့်မရ။ ဆေးဆရာလည်း သူ၏ အစွမ်းထက်နေကျဆေးစွမ်းကောင်းများ မတိုး၍ အဖေ့ဇာတာကိုတောင်းပြီး တွက်ချက်ကြည့်သည်။ 'အညှဲ့ထဲရောက်နေသော်လည်း သေကိန်းပျောက်ကိန်း မရှိ' ဟု ဆိုသည်။ ထိုအချိန်တွင် မန္တလေးက အဖေ့တူ ဦးပဥ္စင်းတစ်ပါး ကြွလာသည်။ ဦးပဥ္စင်းသည် ဆေးဝါးမန္တရား နားလည်ဟန်တူသည်။ အဖေသည် 'သူ့တူဦးပဥ္စင်းအား အင်္ဂရိတ်ထိုးသည်၊ ဗေဒင်နှင့် ဗိန္ဓောဆေး လိုက်စားသည်၊ နိုင်ငံရေးလုပ်သည်' ဟု သတင်းကြား၍ ''ဒါတွေလုပ်ရင် ဦးပဥ္စင်း တပည့်တော်ဆီမကြွခဲ့နဲ့။'' ဟု ပြောထားသည် ဆို၏။

ဦးပဥ္စင်းနှင့် အဖေ့ညီဆေးဆရာတို့ ရောဂါအခြေအနေကို အတော်ကြာအောင် တိုင်ပင်ကြပြီး၊ ဦးပဥ္စင်းက အမေ့ကိုခေါ်ကာ ''ဘုရားကု ကုမယ်ဒကာမကြီး။ ဘုရားစင်ရှင်းလင်းပြီး ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်ပေးပါ။'' ဟု ခိုင်းသည်။ ထို့နောက်- သူကိုယ်တိုင် ဘုရားရှေ့တွင်ထိုင်ကာ အတော်ကြာအောင် ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ ပြီးလျှင်- အဖေ့အား ဓာတ်လုံးစိမ်ထားသောရေဖြင့် ဆားမန်းတိုက်သည်။ အဖေ့ညီဆေးဆရာကလည်း သဘောတူသည်။ နောက်တစ်ရက်တွင် အဖေ ဝမ်းတွေသွားသည်။ မည်းပုပ်နံစော်နေ၏။ ရှေးနည်းအတိုင်း


mgyoe.com

mgyoe.com SAMPLE BOOK

နောက်ထပ် ဆားမန်းတစ်ကြိမ် တိုက်ပြီးသောအခါ အဖေ ဝမ်းပုပ် အနည်းငယ် ထပ်၍သွားသည်။ နာလန်ထလာသည်။ ဆန်ပြုတ်ရေကျဲ ကလေးများကစ၍ အစားအစာ ဝင်လာသည်။ တစ်လလောက်ကြာသော် အဖေ နေကောင်းသွားသည်။ သူ့ရောဂါကို ကုသပေးသဖြင့် ဦးပဥ္စင်းအား မငြိုငြင်တော့သော်လည်း၊ "ကိုယ်တော်၊ ဒါတွေဟာ ရဟန်းနဲ့ မအပ်စပ်ဘူး။ မလုပ်နဲ့။" ဟူ၍တော့ ပြောသေးသည်။

ထိုအချိန်က ကျွန်တော် ဘာမှ သိနားလည်သေးသည် မဟုတ်သော်လည်း၊ 'အဖေ့ဝေဒနာမှာ ဝမ်းချုပ်လွန်း၍ ဖြစ်သည်။ ဆားရေတိုက်သောအခါ ဝမ်းလျှောပြီး ဝေဒနာသက်သာသွားခြင်း ဖြစ်သည်' ဟုသာ ယုံကြည်ခဲ့သည်။

ဘုရားရှေ့တွင် ဦးပဥ္စင်းက ပြန်ခါနီးတွင် "ဒကာမကြီး၊ ဘုရားစင်မှာ ပန်းမညှိုးစေနဲ့။ ရေ နေ့တိုင်းလဲ။ ဆွမ်းဦးကွမ်းဦး တင်။ စိတ်ကြည်လင်တယ်။ စိတ်ကြည်လင်ရင် လူလည်း ကျန်းမာတယ်။ စီးပွားလာဘ်လာဘလည်း ရွှင်တယ်။" ဟု မှာသွားသည်ကို သတိရနေပါသည်။

နောက်- ကျွန်တော် အိမ်ကခွာ၍ လူ့လောကထဲ ဝင်ခဲ့သောအခါ ဘုရားလည်း မှန်မှန်မကန်တော့။ ငယ်ငယ်က အကျင့်ရှိခဲ့သော ပရိတ်ရွတ်ခြင်းကိုလည်း မပြုသလောက်ပင်။ မိရိုးဖလာအဆုံးအမဖြင့် ဘုန်းကြီးရဟန်း ရှိခိုးပူဇော် ဖူးမြော်ကန်တော့သောအလေ့ ရှိသော်လည်း သိပ်ယုံကြည်လှသည်တော့ မဟုတ်ခဲ့။ သို့သော်- နောက်ပိုင်းတွင် ကျွန်တော် လောကဓံအနိမ့်ပိုင်း၌ မိမိကိုယ်အပြင် သားသမီး၊ ဇနီးတို့နှင့် ပတ်သက်သော အပူသောက တွေ့ကြုံရရာတွင် ငယ်စဉ်က ကလေးမို့ မသိတတ်၍ ကိုယ်ချင်းမစာတတ်နိုင်ခဲ့သော အဖေတို့အမေတို့၏ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကို ယခု စာနာတတ်လာသည်။ အဖေမမာစဉ်


mgyoe.com

mgyoe.com
SAMPLE BOOK


က အမေ့သောကကို သတိရလာသည်။ သမားကုကုရ၍ အခြေအနေ မထူးခြားသဖြင့် ဘုရားကုကုရ၍ အဖေ ချမ်းသာလာ၍ ဦးပဥ္စင်းပြန်ခါနီး အမေ့ကို မှာခဲ့သည့် စကားများကိုလည်း နားထဲတွင် ကြားယောင်လာသည်။

ကျွန်တော့်အိမ်တွင် ဘုရားစင်ထားပြီးသည့်အချိန်ကစ၍ ဘုရားကန်တော့သည့်အလေ့အကျင့်လည်း ပြန်ရလာသည်။ ကျွန်တော်၏ဇနီးသည် ကျွန်တော့်ထက် ဘာသာတရား ကိုင်းရှိုင်းတတ်သူ ဖြစ်သဖြင့် ဘုရားစင် ကြည်လင်သန့်ရှင်းနေမှု၊ လတ်ဆတ်လန်းဆန်းသောပန်းတွေနှင့် ဝေနေမှု၊ ရေကြည်တော်ခွက်ကလေးများ၌ ရေကြည်နေမှု နေတတ်သူဖြစ်သည်။ အိမ်တွင်စိုက်သောပန်းများ ပွင့်ဖူးလျှင် ဘုရားစင်၌သာ တင်သည်။ စားဦးသောက်ဦး တင်သည်မှာတော့ လူတို့၌ရှိတတ်သော 'ငါ' စွဲဖြင့် 'ငါ့အပြင်တော်သူ, ငါ့အပြင်တတ်သူ, ငါ့အပြင်မြတ်သူ မရှိ' ဟု ထင်တတ်သော 'မာန'ကို အမြဲ သတိနှင့်ချိုးနှိမ်ကာ၊ 'ငါ့မှာ ငါ့ထက်မြတ်သူ, ငါ့ထက်တတ်သူ, ငါ့ထက်တော်သူ ဟူ၍ ရှိသည်။ ငါ့မှာ 'ဆရာ' ရှိသည်။ ငါ့မှာ ထာဝစဉ် အလေးအမြတ် ပြုရမည့် 'ဆရာ' ရှိသည်' ဟူ၍ အမြဲတစေ သတိရနေစေရန် ဘုရား, တရား, သံဃာ-ရတနာ ၃ ပါးအား ပူဇော်ခြင်းအထိမ်းအမှတ်အဖြစ် ပန်း, ရေချမ်း, ဆွမ်း, ဆီမီး စသည်တို့ကို သူ့အချိန်နှင့်သူ မပြတ်အောင် တင်ခြင်း ဖြစ်သည်ဟု ကျွန်တော် နားလည်ခံယူထားသည်။ ဤကား တစ်ကိစ္စ။

အိမ်၌ ကျွန်တော် စာရေးသည့်အခန်းသည် အမြဲတစေ စာအုပ်တွေ, စာကတ်တွေ, ဖိုင်တွဲတွေနှင့် ရှုပ်ပွနေတတ်သည်။ အိမ်ကလူများက အမြင်မတော်၍၊ သို့မဟုတ်-ခြေနင်းကွက်ပင် မရနိုင်လောက်အောင်

mgyoe.com

mgyoe.com SAMPLE BOOK

ပြန့်ကျဲနေ၍ သေသေသပ်သပ်ရှိအောင် လှည်းကျင်းသုတ်သင်ပေးကြသောအခါ ကျွန်တော့်မှာ စာအုပ်များ၊ ရေးလက်စစာများ၊ ကိုးကားရန် စုဆောင်းထားသော ဖိုင်တွဲများက ကျွန်တော်ထားသည့်နေရာတွင် မရှိကြတော့၍ ရုတ်တရက် ရှာမတွေ့လျှင် ကျွန်တော်စိတ်တိုပြီး အော်ရဟစ်ရတတ်သည်။

"ဩော်- တစ်ခန်းလုံး ကြွက်သိုက်ဖြစ်နေလို့ ရှင်းပေးထားတာ။ အဲဒီအထဲက စက္ကူဆိုလို့ တစ်စုတ်မှ အပြင်ကိုမထုတ်ဘူး။ အဲဒီအထဲမှာပဲ ရှိမှာပဲ။ ဘယ်မှမရောက်ဘူး။ အဲဒီအထဲမှာပဲ တွေ့အောင်ရှာ။" ဟု အိမ်ကဇနီးက ပြန်အော်တတ်သည်။ ပြီးလျှင် တစ်ဆက်တည်း "တကတည်းမှပဲ သူမို့လို့ နေတတ်တယ်။" ဟု အပြစ်တင်သလို ဆိုတတ်သည်။

ကျွန်တော့်အခန်း ရှုပ်သည်မှာလည်း မှန်သည်။ အမြင်မတော်၍ ဝင်ရှင်းပေးသည်ကို ကျေးဇူးတင်သော်လည်း ကျွန်တော့်မှာ ထားသည့်နေရာမှ ရွေ့သွားသော စာရွက်၊ စာအုပ်၊ စာတွဲများကို ရှာမတွေ့သဖြင့် ဒုက္ခရောက်သည်မှာလည်း အမှန်ပင် ဖြစ်သည်။ ကျွန်တော့်အခန်းရှုပ်ပွနေသည်ကို ကျွန်တော် ကြိုက်လှသည် မဟုတ်ပါ။ သို့သော်- ကျွန်တော် စာရေးရင်းက ရှုပ်ပွနေသော စာရွက်များ၊ စာအုပ်များကို ကြည့်ပြီး စိတ်ပါရှုပ်လာလျှင်၊ ကျွန်တော် အပြင်ထွက်၍ မတ်တတ်ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ ဘုရားစင်ကို လက်အုပ်ချီ၍ကြည့်သည်။ ဘုရားစင်၌ ပန်းများ လန်းနေသည်ကို လည်းကောင်း၊ အမှိုက်သရိုက် ကင်းစင်နေသည်ကို လည်းကောင်း၊ သောက်တော်ရေခွက်ကလေးများ ကြည်နေသည်ကို လည်းကောင်း၊ ရွှေရောင်တဝင်းဝင်းနှင့် ဆင်းတုတော်များကို လည်းကောင်း မြင်ရသောအခါ ကျွန်တော့်စိတ်များလည်း ကြည်လင်လာပါသည်။ ကျွန်တော့်အခန်းနှင့် ဘုရားစင်ကို နှိုင်းယှဉ်မိလျှင်


mgyoe.com

mgyoe.com SAMPLE BOOK

လောကီနှင့် လောကုတ္တရာ ခြားနားချက်ကို ဆင်ခြင်မိတတ်သည်။ ထိုအခါမျိုးတွင်

'နမော တေ ဗုဒ္ဓဝီရတ္ထု၊
ဝိပ္ပမုတ္တော်သိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နော သ္မိ၊
တဿ မေ သရဏံ ဘဝ။ ။'

-ဟူသော ဂါထာကိုလည်း အလေးအနက်ရွတ်ဆိုမိတတ်ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK



# ၅
# ကျွန်တော်နှင့် ၅ ပါးသီလ

၁၉၆၁ ခုနှစ်က အမေရိကန် ပြည်ထောင်စုအစိုးရ ဖိတ်ခေါ်ချက်အရ၊ မြန်မာနိုင်ငံက ရွေးချယ်စေလွှတ်တဲ့ ကျွမ်းကျင်သူအဆင့်နဲ့ ကျွန်တော် အမေရိကန်ပြည်ထောင်စုမှာ ၄ လ (ရက်ပေါင်း ၁၂၀) လှည့်လည်သွားလာပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပုံနှိပ်ထုတ်ဝေဖြန့်ချိရေးများကို လေ့လာခဲ့ရပါတယ်။ အဲဒီလို လှည့်လည်သွားလာရင်း ကာနယ်-ဝင်ချက်စတာ ဆိုတဲ့ မြို့ကလေးတစ်မြို့ရောက်တော့ ဒေသန္တရ သတင်းစာတိုက်ကလေးတစ်တိုက်ကို သွားလေ့လာခဲ့ပါတယ်။

အဲဒီသတင်းစာဟာ ကျွန်တော်တို့ တခြားနေရာမှာ လေ့လာခဲ့တဲ့ ခေတ်မီ ပတ်လည်စက်ကြီးတွေနဲ့ အယ်ဒီတာအဖွဲ့ဝင်တွေ၊ လုပ်ဆောင်သူတွေ အများကြီးရှိတဲ့တိုက်ကြီးတွေလို မဟုတ်ဘဲ သားအမိ ၂ ယောက်တည်း၊ တောက်တိုမယ်ရ အကူအညီတစ်ယောက်နဲ့ ပေါင်းမှ ၃ ယောက်။ အမေက သတင်းထောက်၊ သားက အယ်ဒီတာ။ သူ့ဟာသူ ခဲစာလုံးစီတဲ့ Ludlow စက်လေးနဲ့စီ၊ ဟိုက်ဒယ်လ်ဘတ်စက်ကလေးနဲ့ ရိုက်ပြီး၊ သူ့ဟာသူ 'စီ-ခေါက်-ဝေ'အလုပ်ကို လုပ်ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီသတင်းစာတိုက်ကို ကျွန်တော်တို့ သွားကြည့်ကြတော့ အယ်ဒီတာက ကျွန်တော်တို့ကို ဓာတ်ပုံရိုက်ယူပါတယ်။ ပြီးတော့ သူ့ရဲ့ စာစီစက်မှာ ထိုင်ပြီးစီတယ်။ ပြီးတော့ ဖောင်သွင်း၊ စက်တင်၊ သူ့ဟာသူ ပဲလို့ ဆိုတယ်။ နောက်တစ်နေ့ နံနက်စောစောမှာတော့ ကျွန်တော်တို့ တည်းခိုတဲ့ လယ်သမားကြီးလီယိုလင့်ဘ်ရဲ့ဇနီးက ဈေးသွားရင်း သတင်းစာယူလာတယ်။ ကျွန်တော်တို့ဆီက လုပ်သား၊ ကြေးမုံ အစရှိတဲ့ သတင်းစာများအရွယ်ပါပဲ။ ကျွန်တော်တို့ သတင်းစာတိုက်ကို စိတ်ဝင်စားစွာလေ့လာနေတဲ့ပုံနဲ့တကွ 'အရှေ့နိုင်ငံမှ အရေးပါသောဧည့်သည်များ ရောက်ရှိခြင်း- Important Visitors from the East' ဆိုတဲ့ ခေါင်းစဉ်နဲ့ မျက်နှာဖုံးသတင်း ပါလာပါတယ်။

ဒီသတင်းပါလာတော့ အဲဒီမြို့ကလေးက အရေးပါတဲ့အဖွဲ့အစည်းတွေက ကျွန်တော်တို့ကို နေ့လယ်စာစားဖို့ ဖိတ်ကြပါတယ်။ ကျွန်တော်တို့မှာ ရက်ကနည်းပြီး သွားစရာတွေက များနေတဲ့အတွက် အဲဒီမြို့က စာသင်ကျောင်းတစ်ကျောင်းက ကျောင်းအုပ်ဆရာကြီး ဖိတ်တာကိုပဲ လက်ခံနိုင်ခဲ့ပါတယ်။

အဲဒီကျောင်းဟာ ကျွန်တော်တို့ဆီက အလယ်တန်းကျောင်းလောက်ဖြစ်မယ် ထင်ပါတယ်။ သူတို့ပညာရေးစနစ်ကို ကျွန်တော်သိပ်မသိလို့ ကလေးတွေရဲ့အရွယ်ကို မှန်းပြီး ပြောရခြင်း ဖြစ်ပါတယ်။ အဲဒီကျောင်းမှာ ဆရာကြီးက မေတ္တာရပ်ခံလို့ အတန်းကြီးတစ်တန်းက ၁၃ နှစ်-၁၄ နှစ်ကလေးတွေကို မြန်မာပြည်အကြောင်း စကားပြောခဲ့ရပါတယ်။

'ကျွန်တော်တို့မှာ အချိန်က သိပ်မရလို့ အနည်းငယ်ပဲ ပြောပြပါရစေ' လို့စကားခံပြီး မြန်မာပြည်တည်ရာ၊ မြေမျက်နှာအသွင်အပြင်၊ ရာသီဥတုနဲ့ ပေါက်ရောက်တဲ့သစ်ပင်၊ သစ်တောနဲ့ တိရစ္ဆာန်များ၊


mgyoe.com

စိုက်ပျိုးသီးနှံများအကြောင်း အကျဉ်းဆုံး ချုံ့ပြီးပြောပြပါတယ်။ ပြီးတော့ - မြန်မာလူမျိုးတို့ရဲ့ ဘာသာအယူဝါဒအနေနဲ့ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာရဲ့အခြေခံ ၅ ပါးသီလအကြောင်း ပြောပြပါတယ်။

"တို့မြန်မာနိုင်ငံမှာ လူများစုက ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြတယ်။ ဗုဒ္ဓဘာသာမှာ လူတို့ကျင့်ရတဲ့ ကျင့်ဝတ် ၅ ခု ရှိတယ်။ သူ့အသက် မသတ်ရဘူး။ သူတစ်ပါးရဲ့ဥစ္စာကို မခိုးရဘူး။ သူတစ်ပါးရဲ့သားမယားကို မပြစ်မှားရဘူး။ မဟုတ်မမှန်တဲ့စကားကို မပြောဆိုရဘူး။ မူးယစ်ထုံထိုင်း မေ့လျော့စေတဲ့ သေရည်သေရက်၊ ဆေးဝါးတို့ကို မမှီဝဲရဘူး။ အဲဒီ ၅ ခုကို စောင့်စည်းနေနိုင်ရင် 'လူကောင်း' လို့ သတ်မှတ်တယ်။" လို့ ကလေးတွေ နားလည်နိုင်လောက်တဲ့ စကားလုံးတွေနဲ့ ရွေးပြီး ပြောခဲ့ပါတယ်။

ကျွန်တော် ၁ နာရီကျော်လောက် ပြောတာကို ကလေးတွေဟာ ငြိမ်ပြီး နားထောင်နေကြတယ်။ သူတို့အတန်းပိုင်ဆရာမကြီးကလည်း ဒီလိုနားထောင်ရမယ်လို့ သွန်သင်ထားဟန် တူပါတယ်။

ကျွန်တော် စကားပြောလို့ပြီးတော့ ဆရာမကြီးက ကျွန်တော့်အနားလာပြီး၊ "ကလေးတွေက မေးခွန်းမေးရင် ဖြေပါမည်လား။ မဖြေဘဲနေလိုက နေနိုင်ပါတယ်။" လို့ လာပြောတော့၊ "ကျွန်တော်က ကျွန်တော် သိတာဆိုရင် ဝမ်းမြောက်ဝမ်းသာဖြေပါမယ်။" လို့ ပြန်ပြောလိုက်တာနဲ့ ဆရာမကြီးက အတန်းကို ကြေညာတယ်။

မေးခွန်း ၃ ခုအထိ မေးနိုင်တယ်ဆိုတာ ပြောလိုက်တော့ တစ်တန်းလုံး လှုပ်လှုပ်ရွရွဖြစ်လာတယ်။ အချင်းချင်း စကားမပြောကြပါဘူး။ သူတို့ဟာသူတို့ မှတ်ထားတဲ့ စာရွက်ကလေးတွေနဲ့ ထိုင်ရာကပဲ လက်ညှိုးထောင်ပြီး ခွင့်တောင်းပါတယ်။ ဆရာမကြီးက စိစစ်ပြီး မေးခွန်းများ မေးခွင့်ပြုပါတယ်။